Myanmar Network Organization for Free and Fair Elections

MYNFREL

# အားလုံး အကျုံးဝင် ရွေးကောက်ပွဲသတင်းစဉ်

## ကနဦး အစီရင်ခံစာ



၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ

Myanmar Network Organization for Free and Fair Elections

MYNFREL

# အားလုံးအကျုံးဝင် ရွေးကောက်ပွဲသတင်းစဉ်

အပြီးသတ် အစီရင်ခံစာ

## မြန်မာ

**အားလုံးအကျုံးဝင်ရွေးကောက်ပွဲသတင်းစဉ် အပြီးသတ်အစီရင်ခံစာ**

ရေးသားသူများနှင့် စာတည်း - ဇင်မာဦး၊ အောင်ချို၊ ထွန်းဆွေ၊ အောင်ချမ်းမြေ့

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပုံနှိပ်ထုတ်ဝေသည်။

| | | |
|---|---|---|
| ပုံနှိပ် | - | |
| အတွင်းစာမျက်နှာဖွဲ့စည်းမှု | - | ပုံရိပ်ရှင် |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုဝဏ္ဏအောင် |
| အတွင်းဒီဇိုင်းနှင့် ဓာတ်ပုံ | - | ထွန်းဆွေ၊ ဇင်မာဦး |
| ဆက်သွယ်ရန် | - | ၀၉-၂၆၃၂၁၅၆၄၃၊ ၀၉-၂၅၄၂၇၈၃၈၄ |
| အီးမေးလ် | - | Myanmar.mynfrel@gmail.com, Myanmar@mynfrel.org |
| ဝက်ဆိုဒ် | - | www.mynfrel.org |

ထုတ်ဝေမှုမှ လေ့လာတွေ့ရှိချက်များကို ရည်ညွှန်းစာပေး၍ လွတ်လပ်စွာ သုံးစွဲနိုင်ပါသည်။ Asia Network for Free Elections (ANFREL) နှင့် Fhi-360 တို့မှ ရက်ရောစွာ ထောက်ပံ့ကူညီမှုဖြင့် ဤအစီရင်ခံစာ စာအုပ်ကို ထုတ်ဝေနိုင်ခြင်း ဖြစ်ပါသည်။

# မာတိကာ

## Contents


| | | |
|---|---|---|
| | ကျေးဇူးတင်လွှာ | ၇ |
| ၁။ | နိဒါန်း | ၉ |
| ၂။ | လေ့လာစောင့်ကြည့်သည့်အချိန်ဇယားများ | ၁၆ |
| ၃။ | အသုံးပြုသည့် နည်းစနစ် | ၁၈ |
| ၄။ | အဓိက လေ့လာတွေ့ရှိရသည်များနှင့် အဓိကအကြံပြုချက်များ | ၂၁ |
| ၅။ | အတိုကောက်စကားလုံးများနှင့် စကားရပ်အဓိပ္ပာယ်များ | ၂၆ |
| ၆။ | ကဏ္ဍအလိုက် လေ့လာတွေ့ရှိချက်များ | |
| | (က) ပုံနှိပ်သတင်းစာ | ၂၇ |
| | (ခ) ရုပ်မြင်သံကြားသတင်း | ၃၈ |
| | (ဂ) ရေဒီယိုသတင်း | ၅၀ |
| | (ဃ) ဒီဂျစ်တယ်သတင်းစာ | ၅၇ |
| ၇။ | အသေးစိတ်အကြံပြုချက်များ | ၆၅ |
| ၈။ | ထူးခြားသတင်းများ | ၇၀ |
| ၉။ | လေ့လာမှုနည်းစနစ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ | |
| | - နောက်ဆက်တွဲများ | ၇၃ |
| | - သတင်းမီဒီယာလေ့လာသူများကျင့်ဝတ် | ၇၅ |
| | - လေ့လာရာတွင် အသုံးပြုသည့် မေးခွန်းဖောင်ပုံစံများ | ၇၆ |
| | - သတင်းမီဒီယာ လေ့လာရေးအစီအစဉ်ပါ နိုင်ငံရေးပါတီအမည်များနှင့် ရည်ညွှန်းနံပါတ်အစီအစဉ်များ | ၁၀၀ |
| | - အမှုဆောင်ဒါရိုက်တာ၏ မှတ်ချက်စကား | ၁၀၅ |
| | - မြန်ဖရယ်အကြောင်း | ၁၀၆ |

# ကျေးဇူးတင်လွှာ

မြန်ဖရယ်သည် ရွေးကောက်ပွဲဆိုင်ရာသတင်းဖော်ပြမှု လေ့လာစောင့်ကြည့်ခြင်း အစီအစဉ်ကို စက်တင်ဘာ - နိုဝင်ဘာလ၊ ၂၀၂၀ ပြည့်နှစ် (၃ လကြာ) လုပ်ဆောင်ခဲ့သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ မတူကွဲပြားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ အကြောင်းအရာများအား ဖော်ပြမှုပုံစံ၊ သတင်းလွှမ်းခြုံမှုပုံစံ၊ အကြောင်းအရာများ၊ ဘက်လိုက်မှုနှင့် အသံနေအသံထား စသည့် အားလုံးအကျုံးဝင်ပါဝင်သော တင်ပြမှုပုံစံအား လေ့လာရန် ဖြစ်ပါသည်။ ၎င်းတွေ့ရှိချက်များမှတဆင့် နောင်လာမည့် ရွေးကောက်ပွဲများတွင် သတင်းမီဒီယာကျင့်ဝတ်များနှင့်အညီ အားလုံးအကျုံးဝင်ပါဝင်သော ဖော်ပြမှုကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ၎င်းအစီအစဉ်အား လေ့လာသူ (၈) ဦးဖြင့် ရွေးကောက်ပွဲ မဲဆွယ်ကာလ၊ ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲအလွန်ကာလဟု ကာလအပိုင်းအခြားသတ်မှတ်ပြီး (၃) လကြာ လေ့လာခဲ့သည်။ (၃) လကြာ လေ့လာမှုခရီးတွင် Asia Network for Free Elections (ANFREL), Sri Lanka Press Institute (SLPI) နှင့် Democracy Reporting International (DRI) တို့မှ နည်းပညာနှင့် ပညာရပ်ပိုင်းဆိုင်ရာအကူအညီများ ပေးခဲ့သည်။ ထို့အပြင် အစီအစဉ်တစ်ခုလုံးအား စီမံခန့်ခွဲနိုင်ရန် ရံပုံငွေအား Fhi-360, DRI နှင့် ANFREL တို့မှ ပံ့ပိုးပေးခဲ့ခြင်း ဖြစ်ပါသည်။

၂၀၂၀ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအမြစ်တွယ်မှုနှင့် ရင့်ကျက်သော ဒီမိုကရေစီဆီသို့ သွားရန် အရေးပါသည့် ကနဦးခြေလှမ်းဖြစ်ဆဲဟု မိမိတို့အဖွဲ့အနေဖြင့် ယုံကြည်ပါသည်။

အထူးသဖြင့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အခန်းကတရားဝင် မြှင့်တက်လာသော ၂၀၁၅ အထွေထွေရွေးကောက်ပွဲသည် ပိုမိုကွဲပြားစုံလင်သော နိုင်ငံရေးပါတီများ၏ ပါဝင်ယှဉ်ပြိုင်မှု၊ အသိပညာပေးနှင့် လေ့လာစောင့်ကြည့်သူ လူမှုအဖွဲ့အစည်းများ ပိုမိုပါဝင်ခွင့်ရရှိလာမှုနှင့် သတင်း မီဒီယာများ၏အခန်းက မြှင့်တက်လာမှုများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၎င်းပါဝင်ပတ်သက်သူများ၏ အခန်းကအပေါ် အသိအမှတ်ပြုမှုပင်ဖြစ်သည်။ ပိုပြီး စံနစ်ကျသော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ်ဖြင့် လုပ်ဆောင်လာနိုင်ခဲ့ပြီး ၎င်းမှတဆင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲဖြစ်မှုကို မှတ်ကျောက်တင်ပေးနိုင်ခဲ့သည်ဟု ယုံကြည်ပါသည်။

မြန်ဖရယ်အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲမှ စတင်ပြီး ယခု ၂၀၂၀ ရွေးကောက်ပွဲများအထိ စဉ်ဆက်မပြတ် ပါဝင်ခဲ့ပြီး အသိပညာပေးလုပ်ငန်းများ၊ လေ့လာစောင့်ကြည့်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ

သတင်းများ သုံးသပ်ခြင်းနှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ပြုပြင်ပြောင်းလဲရေးအတွက် တွေ့ရှိချက်များကို အခြေခံကာ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူ အဖွဲ့အစည်းများသို့ အကြံပြုတိုက်တွန်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်လာခဲ့သည်။

၎င်းလုပ်ဆောင်ချက်များအား ထိရောက်စွာ အကျိုးရှိရှိ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရန်မှာ ကျွမ်းကျင်သူများ၏ ကူညီပံ့ပိုးမှုများနှင့် ၎င်းတို့၏ အခန်းကဏ္ဍသည် အရေးကြီးပါသည်။ အဖွဲ့အစည်းနှင့် ဦးဆောင်လုပ်ကိုင်ကြသူများအနေဖြင့် နိုင်ငံ၏ ကောင်းမွန်သော အပြောင်းအလဲများအား တတ်နိုင်သည့်ဘက်မှ ပံ့ပိုးဆောင်ရွက်လိုသည့် စိတ်အားထက်သန်မှုဖြင့် အစပြုခဲ့သော်လည်း ပါဝင်ပတ်သက်သူများ၏ လိုအပ်သည့် နည်းပညာ၊ အကြံဉာဏ်နှင့် ရံပုံငွေအထောက်အပံ့များပံ့ပိုးမှုများကြောင့် ပိုပြီးစွမ်းရည်ပြည့်ဝသော စံနစ်ကျသော ချဉ်းကပ်မှုများဖြင့် ထိထိရောက်ရောက် ပါဝင်လာနိုင်ခဲ့သည်ဟု ယုံကြည်ပါသည်။ ၎င်းကူညီပံ့ပိုးပေးကြသူများအားလုံးကို မြန်ဖရယ်အနေဖြင့် တန်ဖိုးထားပြီး အဖွဲ့အစည်း၏ ထိရောက်သော လုပ်ငန်းဆောင်ရွက်မှုများမှ တဆင့် မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သော ဒီမိုကရေစီဖြစ်ထွန်းမှုကို ပံ့ပိုးပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

အထူးရည်ညွှန်းဖော်ပြရလျှင် ယခု ရွေးကောက်ပွဲဆိုင်ရာ သတင်းဖော်ပြမှုများအား လေ့လာစောင့်ကြည့်ရေး အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် လေ့လာစောင့်ကြည့်သူများနှင့် ၎င်းတို့၏ အကဲဖြတ်လုပ်ငန်းသည် အရေးပါလှပါသည်။ ယခုကဲ့သို ကိုဗစ် ကမ္ဘာ့ကပ်ရောဂါကာလတွင် အခက်အခဲအမျိုးမျိုးကြားတွင် နည်းပညာအားအသုံးချပြီး နေအိမ်မှ အလုပ်လုပ်ကြပြီး သတင်းများအား အကဲဖြတ်သုံးသပ်ပြီး စာရင်းသွင်းခြင်းများကို အချိန်နှင့်တပြေးညီ လုပ်ဆောင်ခဲ့ကြသည့် အကဲဖြတ်သူများအားလည်း မြန်ဖရယ်မှ ကျေးဇူးတင် တန်ဖိုးထားကြောင်း မှတ်တမ်းတင်အပ်ပါသည်။

❒

# နိဒါန်း

## (က) နိုင်ငံရေး နောက်ခံသမိုင်း

၂၀၂၀ နိုဝင်ဘာ (၈)ရက် ရွေးကောက်ပွဲသည် ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေချိန်နှင့် ဒီမိုကရေစီ ကိုယ်ခံအား မည်မျှရှိသည်ကို စမ်းသပ်တိုင်းတာရမည့် အင်မတန်အရေးကြီးသည့်အရွေ့တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီခေတ်ရွေးကောက်ပွဲများ ထွန်းကားခဲ့သော်လည်း စစ်အစိုးရအဆက်ဆက်၏ နှစ်ပေါင်း (၆၀) ကြာ အုပ်ချုပ်မှုကြောင့် ရွေးကောက်ပွဲယန္တယားပျက်ပြီး တရားဝင် အာဏာလွှဲပြောင်းမှုမှုဘောင်နှင့် လူထုထောက်ခံမှုရသော အစိုးရအုပ်ချုပ်မှုပုံစံနှင့် အဆက်ပြတ်နေခဲ့သည်။ နိုင်ငံရေးမတည်ငြိမ်မှုများကြားမှ တက်ကြွလှုပ်ရှားသူများ၊ လူမှုအဖွဲ့အစည်းများနှင့် လူမျိုးစုတိုင်းရင်းသားများအားလုံးအနေဖြင့် စစ်အုပ်ချုပ်ရေးပုံစံအား နည်းလမ်းမျိုးစုံဖြင့် တော်လှန်ခဲ့ကြပြီး လူထုထံမှအာဏာရှိသော (တနည်းအားဖြင့်) ပုံမှန်ကျင်းပသော ရွေးကောက်ပွဲများရှိရေးကို အစဉ်တစိုက် အားထုတ်ခဲ့ကြသည်။ ထိုသို့ စုစည်းလှုပ်ရှားမှုများကြောင့် ၁၉၉၀ တွင် စစ်တပ်မှ ဦးဆောင်သည့် ပါတီစုံ ဝင်ရောက်ပါဝင်နိုင်သော ရွေးကောက်ပွဲတစ်ရပ်ကို စတင်ကျင်းပနိုင်ခဲ့ပါသည်။[1]

၄င်း ၁၉၉၀ ရွေးကောက်ပွဲသည်လည်း အာဏာလွှဲခြင်း ကိစ္စရပ်များတွင် အတိမ်းအစောင်းများဖြစ်ပေါ်သောကြောင့် အစိုးရဖွဲ့နိုင်သည်အထိ အထမမြောက်ဘဲ ၄င်း ၉၀ ရွေးကောက်ပွဲမှ စပြီး ၂၀၁၀ ခုနှစ်အထိ မည်သည့် ရွေးကောက်ပွဲမျှ မထွန်းကားဘဲ စစ်တပ်ဦးဆောင်သော အစိုးရ အုပ်ချုပ်မှုအောက်တွင် ရှိနေခဲ့သည်။ ထိုမှ နှစ် (၂၀) အကြာတွင် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင် ကူးပြောင်းခြင်းတရပ်အနေဖြင့် (၂၀၁၀) ရွေးကောက်ပွဲကို နိုဝင်ဘာလ (၇) ရက်နေ့တွင် ရွေးကောက်ပွဲများ တဖန်ပြန်လည်ကျင်းပပြီး ပါဝင်ယှဉ်ပြိုင်သည့် ပါတီပေါင်း (၃၇) ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုစဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ရွေးကောက်ပွဲအား သပိတ်မှောက်၍ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်မှ ပါဝင်ယှဉ်ပြိုင်လာကာ ယှဉ်ပြိုင်သည့်မဲဆန္ဒနယ် (၄၅) နေရာအနက် အများစုဖြစ်သည့်

---

[1]. **Lintner,B.(2015, November15). ၁၉၉၀ ရွေးကောက်ပွဲက ပေးခဲ့သော သမိုင်းသင်ခန်းစာများ။ Irrawaddy. Retrieved from https://burma.irrawaddy.com/election/feature/%E1%81%81%E1%81%89%E1%81%89%E1%81%80-%E1%80%B1%E1%80%9B%E1%80%BC%E1%80%B8%E1%80%B1%E1%80%80%E1%80%AC%E1%80%80%E1%80%B9%E1%80%95%E1%80%BC%E1%80%B2%E1%80%80-%E1%80%B1%E1%80%95%E1**

(၄၃) နေရာတွင် အနိုင်ရရှိခဲ့သည်။[2]

ထို့ကြောင့် မြန်မာနိုင်ငံသည် ၂၀၀၈ ဖွဲ့စည်းပုံအားအခြေခံပြီး အထွေထွေရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှုလမ်းစဉ်ကို သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများ ရေးဆွဲပြဋ္ဌာန်းလိုက်ပြီး လွှတ်တော်တွင် စစ်တပ်ကိုယ်စားပြုမှု (၂၅%) ထည့်သွင်းကာ ၂၀၁၀ ရွေးကောက်ပွဲဖြင့် စတင်ခဲ့သည်။ အထွေထွေရွေးကောက်ပွဲများအနေဖြင့် ၂၀၁၀၊ ၂၀၁၅ ရွေးကောက်ပွဲများအား ဖြတ်သန်းခဲ့ကြပြီးဖြစ်ကာ ယခုကျင်းပခဲ့သည့် ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာ (၈)ရက် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးသည် ၁၉၉၀ နောက်ပိုင်း မြန်မာနိုင်ငံ၏ တတိယအကြိမ်မြောက် ကျင်းပမည့် ရွေးကောက်ပွဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ ပြည်တွင်းပဋိပက္ခများနှင့် နယ်စပ်ပြဿနာများကြားမှ ၂၀၁၅ ရွေးကောက် ပွဲကို ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီပေါင်း (၉၁) ခုဖြင့် နိုင်ငံတကာ အသိအမှတ်ပြုသည့် လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများအား ကျင်းပနိုင်ခဲ့ပါသည်။[3]

လက်ရှိ အာဏာရပါတီ အစိုးရမှ ပထမဆုံးဦးဆောင် ဖွဲ့စည်းသော ဦးလှသိန်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ၂၀၁၆ ခုနှစ်၊ မတ်လ၊ (၃၀) ရက်နေ့တွင် ကော်မရှင် အဖွဲ့ဝင် (၄) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ၁၄-၆-၂၀၁၇ ရက်နေ့တွင် အဖွဲ့ဝင် (၂) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ၁၄-၆-၂၀၁၇ ရက်နေ့တွင် အဖွဲ့ဝင် (၂) ဦးဖြင့် ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့ကို ကျင်းပပေးခဲ့သည်။ ၈-၃-၂၀၁၉ ရက်နေ့တွင် အဖွဲ့ဝင် (၈) ဦးဖြင့် ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ကြားကာလများတွင် ကော်မရှင်အဖွဲ့ဝင်သစ်များအား ခန့်အပ်လိုက်သဖြင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (၁၄) ဦး၊ ဥက္ကဋ္ဌ (၁) ဦးနှင့် ညွှန်ကြားရေးမှူးချုပ် (၁) ဦး ရှိသည်။[4] ၎င်းကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဦးဆောင်ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ၊ (၈) ရက်တွင် ရွေးကောက်ပွဲရက် ပြောင်းရွှေ့ သတ်မှတ်ခြင်းမရှိဘဲ မူလသတ်မှတ်ရက်အတိုင်း ကျင်းပခဲ့သည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီပေါင်း (၉၀) ကျော်နှင့် ကိုယ်စားလှယ်လောင်း စုစုပေါင်း (၆,၉၆၀) ဦး ရှိခဲ့ပြီး၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ပေါင်း (၉၀၂) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယခု ၂၀၂၀ ရွေးကောက်ပွဲသည်လည်း မြန်မာနိုင်ငံအတွက် အထက်ပါစိန်ခေါ်မှုများကြားမှ ကျင်းပ ရခြင်းဖြစ်သောကြောင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် မှန်ကန်သောနိုင်ငံရေးလမ်းကြောင်းများ ဖော်ဆောင်ရေး လမ်းနှစ်သွယ် (political Dilemma) ကြားမှ ကျင်းပခြင်းမှာ ဖွံ့ဖြိုးမှုနောက်ကျသော၊ ဒီမိုကရေစီ ရင့်သန်မှုအားနည်းသေးသော မြန်မာနိုင်ငံအတွက် စွန့်စားမှုတစ်ရပ်ဟုပင် ဆိုခဲ့ကြသည်။

---

2. **ANFREL Foundation. ရွေးကောက်ပွဲသတင်းများ ရေးသားတင်ဆက်ခြင်း (2020). မြန်မာသတင်းထောက်များအတွက် အခြေခံလက်စွဲ။ Retrieved from https://myanmar.anfrel.org/mm/media-toolkit/history-of-elections-in-myanmar**

3. **The Union Election Commission. (2015). The Election Report of the 2015 Elections by the UEC. Retrieved from show data content.php (uec.gov.mm)**

4. **Maung Sarga (2020, October 01). ကော်မရှင်အသစ် ဖွဲ့စည်းခြင်းသမိုင်း။ The Ministry of Information. Retrieved from https://www.moi.gov.mm/article/346**

## (ခ) သတင်းမီဒီယာများ နှင့် ၂၀၂၀ ရွေးကောက်ပွဲ

သတင်းမီဒီယာများသည် မဲဆန္ဒရှင်ပြည်သူများသို့ သတင်းအချက်အလက်များ မှန်မှန်ကန်ကန် အချိန်နှင့် တပြေးညီရောက်ရှိအောင် ကြားခံဆောင်ရွက်ပေးနိုင်သည့်အပြင်၊ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ၏ အကြောင်းအရာများကိုလည်း အများပြည်သူထံ တင်ဆက်ဖော်ပြပေးနိုင်သည်။

ဒီမိုကရေစီနည်းလမ်းကျ လွတ်လပ်မျှတသောရွေးကောက်ပွဲများတွင် သတင်းမီဒီယာ၏အခန်းကဏ္ဍမှာ အလွန်ကြီးမားပါသည်။ စုံလင်ကွဲပြားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်း ဘက်လိုက်မှုကင်းကင်းဖြင့် သတင်းလွှမ်းခြုံတင်ဆက်မှုသည် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများတွင် မီဒီယာများစောင့်ထိန်းရမည့် နိုင်ငံတကာစံနှုန်းများထဲမှ တစ်ခုဖြစ်ပါသည်။[5] [6]

ယခု ၂၀၂၀ အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြားမှ ပြုလုပ်ကျင်းပသည့် ရွေးကောက်ပွဲဖြစ်ပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ကာလတွင် ဒီဂျစ်တယ်ပလက်ဖောင်းများ ပိုမိုအားကောင်းလာကာ မြန်မာပြည်သူများ၏ လူမှုမီဒီယာ အသုံးပြုမှု အထူးသဖြင့် Facebook အသုံးပြုသူဦးရေ တိုးပွားလာကြောင်းတွေ့ရသည်။[7] ရန်ကုန်မြို့ကဲ့သို့သော အဓိကမြို့ကြီးနေရာများတွင် အိမ်တွင်းနေကြရန် (Stay at Home) ကာလအဖြစ် သတ်မှတ်ခံထားရပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း သတ်မှတ်ထားသည့်လူဦးရေထက် ပိုမစုကြရန် ညွှန်ကြားချက်ထုတ်ပြန်ထားဆဲဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲမဲဆွယ်ကာလတွင် အပြိုင်အဆိုင် မဲဆွယ်ကြရမည့် နိုင်ငံရေးပါတီများအနေဖြင့် လမ်းမပေါ်ထွက်ပြီး မဲဆွယ်ကြမည့် အစီအစဉ်များအစား မဲဆန္ဒရှင်များသို့ ရောက်ရှိနိုင်မည့် အခြားသောနည်းလမ်းများဖြင့် ချဉ်းကပ်ကြရန် ဖြစ်လာခဲ့သည်။ ၎င်းအခြေနေများကြောင့် နိုင်ငံရေးပါတီများသည် လူစုလူဝေးများပြု၍ မဲဆွယ်စည်းရုံးခြင်း အစီအစဉ်များအား အတတ်နိုင်ဆုံး လျှော့ချကြပြီး သတင်းမီဒီယာများမှတဆင့် မဲဆွယ်သည့် နည်းလမ်းများအားလည်း အသုံးပြုလာကြသည်။

## (ဂ) ရွေးကောက်ပွဲ၊ သတင်းမီဒီယာနှင့် အားလုံးအကျုံးဝင်ပါဝင်မှု ဆိုင်ရာ နိုင်ငံတကာစံနှုန်းများ

ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် သတင်းမီဒီယာများ၏ အခန်းကသည် ရွေးကောက်ပွဲအခြေအနေများအား လေ့လာစောင့်ကြည့်နိုင်သူ၊ သတင်းအချက်အလက်များအား မဲဆန္ဒရှင်ပြည်သူများသို့ ဖြန့်ဖြူးချိတ်ဆက်ပေးပို့သူ အဖြစ် ဆောင်ရွက်ပေးနိုင်သည့်အပြင် မမှန်ကန်သော သတင်းအချက်အလက်များအား မှန်ကန်သော သတင်းအချက်အလက်များဖြင့် သေချာစေခြင်းလုပ်ငန်းစဉ်တို့ဖြင့် ထိထိရောက်ရောက် ပါဝင်နိုင်သည်။ သတင်းမီဒီယာများ၏ လွတ်လပ်မှုသည် မဲဆန္ဒရှင်ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိမှုအား တိုက်ရိုက်သက်ရောက်မှုရှိသည်။

---

**5. AESF-ANFREL. (2015, March). Indicators of Democratic Elections. The Asian Electoral Stakeholder Forum II. AESF-ANFREL. Retrieved from http://aesf-anfrel.org/**

**6. The Union Election Commission. (2020, March). မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်။ The Union Election Commission. Retrieved from**

**7. KEMP,S. (2020, FEBRUARY 18). Digital 2020: MYANMAR. Retrieved from https://datareportal.com/reports/digital-2020-myanmar?rq=Myanmar**

**လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်းနှင့် ပြဌာန်းဥပဒေများ**

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights _ UDHR) အပိုဒ် (၁၉)

နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Convention on Civil and Political Rights ICCPR) အပိုဒ် (၁၉) (အပိုဒ်ခွဲ ၁၊ ၂)

"လူတိုင်းသည် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို စွက်ဖက်ခြယ်လှယ်မှုကင်းစွာဖြင့် လွတ်လပ်စွာ စွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်များနှင့် အတွေးအခေါ်အယူအဆများကို သတင်းမီဒီယာတရပ်ရပ်မှတစ်ဆင့် နယ်နိမိတ်အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချီခွင့်တို့လည်း ပါဝင်သည်"

**(ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၄-က)**

"နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဌာန်းထားသည့် တရားဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဖြူးခွင့်ရှိသည်"

**အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအား ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (CEDAW) - အပိုဒ် (၇)**

"စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် တိုင်းပြည်၏ နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်တွင် အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးကို သင့်လျော်ရာနည်းလမ်းများအားလုံးဖြင့် အမျိုးသားနှင့် အမျိုးသမီး အခွင့်အရေး တန်းတူညီမျှစွာ ရရှိရေးကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရွေးကောက်ပွဲများနှင့် ပြည်သူ့ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိရေးနှင့် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် အဖွဲ့အစည်းများတွင် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိရေး၊

(ခ) အစိုးရမူဝါဒများချမှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်သည့်လုပ်ငန်းများတွင် ပါဝင်ခွင့်ရှိရေးနှင့် အစိုးရယန္တရား၏ မည်သည့်အဆင့်တွင်မဆို ပြည်သူ့လုပ်ငန်းများအား လုပ်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊

(ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံအတွင်း ပြည်သူလူထုနှင့် နိုင်ငံရေး ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများ၌ ပါဝင်ဆောင်ရွက်ခွင့်ရှိရေး။

### မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD)

မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်သည် မသန်စွမ်းသူများအား (လွတ်လပ်စွာပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်) အခြေခံအခွင့်အရေးများကို ရရှိစေရန် အာမခံထားပြီး ၎င်းတို့သည် အစိုးရရေးရာများ အထူးသဖြင့် ရွေးကောက်ပွဲများမှတဆင့်ပါဝင်ရန် သို့မဟုတ် အဖွဲ့အစည်းများတွင် ပါဝင်ရန် ရပိုင်ခွင့်ကို ရယူနိုင်စွမ်း ရှိရမည်။

သတင်းမီဒီယာကဏ္ဍသည် အရေးကြီးသည့် အားလျော်စွာ သတင်းသမားများကျင့်ဝတ်နှင့်အညီ ထိထိရောက်ရောက် သတင်းရယူနိုင်ခွင့်သည်လည်း ထည့်သွင်း စဉ်းစားရမည့်အချက် ဖြစ်ပါသည်။ ဥပမာအားဖြင့် သတင်းမီဒီယာများသည် ရွေးကောက်ပွဲသတင်းအချက်အလက်များအား မလိုလားအပ်သည့် အတားအဆီးများမရှိဘဲ လွတ်လပ်စွာ တင်ဆက်နိုင်ပါရဲ့လားဆိုသည့်အချက် ဖြစ်ပါသည်။ ၄င်းကို သေချာစေရန်မှာ မြန်မာနိုင်ငံသတင်းမီဒီယာဥပဒေ၊ ကျင့်ဝတ်နှင့် ဆက်စပ်လုပ်ထုံး လုပ်နည်းများအပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းသမားများအတွက် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်နှင့် ကျင့်ဝတ်စည်းကမ်းများကို လေ့လာအကဲဖြတ်ရမည်ဖြစ်သည်။ နောက်ထပ်အရေးကြီးလှသည့်အချက်တစ်ခုမှာ လွတ်လပ်စွာ သတင်းရယူခွင့်သည် သတင်းအချက်အလက်များ အများပြည်သူများသို့ရောက်ရှိရေးအပြင် 'ပါဝင်ယှဉ်ပြိုင်ကြသော နိုင်ငံရေးပါတီများအတွက် မည်မျှ မျှတသော ကစားကွင်းဖြစ်သနည်း' ဆိုသည့်အချက်ပင်ဖြစ်သည်။ လွတ်လပ်မျှတသော ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာ နိုင်ငံတကာစံနှုန်းများအရ သတင်းမီဒီယာများဖော်ပြမှုတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ခွဲခြားမှုများကိုဆန့်ကျင်ပြီး အားလုံးအကျုံးဝင်ပါဝင်သော ဗဟုဝါဒအခြေခံတင်ဆက်မှုနှင့် ဘက်လိုက်မှုကင်းစွာ မျှတသော မီဒီယာဖော်ပြ တင်ဆက်မှုတို့ပင် ဖြစ်သည်။

### မြန်မာနိုင်ငံရွေးကောက်ပွဲ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သတင်းမီဒီယာဆိုင်ရာ ဥပဒေ၊ ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် ရွေးကောက်ပွဲတွင် သတင်းမီဒီယာများ၏ ပံ့ပိုးဆောင်ရွက်နိုင်မှုကို အလေးထားကာ လိုအပ်သော လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့်ပူးပေါင်းကာ သတင်းသမားများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခြင်းများကိုလည်း ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနည်းတူ ကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်လေ့ရှိသည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သတင်းမီဒီယာကောင်စီအပါအဝင်၊ သတင်းမီဒီယာဆိုင်ရာ ဆက်ဆံရေးများ‥

- သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ်များ ဆွေးနွေးခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ၂၀၂၀ ဇန်နဝါရီတွင် ပြုလုပ်ခဲ့ခြင်း။[8]

[8]. **Myanmar Press Council. (2020).** မြန်မာသတင်းသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ်။ **Retrieved from https://myanmarpresscouncil.org/laws/media-ethic**

- ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ်များ ရေးဆွဲပြုစုခြင်း။[9]
- မြန်မာသတင်းမီဒီယာများကောင်စီက 'မြန်မာနိုင်ငံသတင်း မီဒီယာများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်' စာအုပ်ကို ၂၅-၅-၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်ခြင်း။
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနေ့တွင် ပြည်တွင်းနှင့်နိုင်ငံတကာသတင်းမီဒီယာများ သတင်းရယူခွင့်ရှိကြောင်း အသိပေးကြေညာခြင်း။
- ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံကျင်းပခြင်း။

## လူမှုမီဒီယာများနှင့် ၂၀၂၀ ရွေးကောက်ပွဲ

အထက်တွင် ညွှန်းဆိုပြီးသည့်အတိုင်း လူမှုမီဒီယာများ၏ အခန်းကဏ္ဍသည် ယခု ၂၀၂၀ ရွေးကောက်ပွဲတွင် ကြီးမားလာခဲ့သည်။ ကိုဗစ်-၁၉ ကန့်သတ်ချက်များကြားက ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲတစ်ခုအနေဖြင့် သတင်းအချက်အလက်များအား ပုံစံသစ်ဖြင့် စီးဆင်းရန်ဖြစ်လာခဲ့သည်။ အများပြည်သူ၏ လူမှုမီဒီယာ အထူးသဖြင့် ဖေ့စ်ဘုတ်အား မှီခို အသုံးပြုမှုသည် ရွေးကောက်ပွဲမဲဆွယ် သတင်းစကားများပါးရာ အဓိကနေရာ ဖြစ်လာသည်။[10] နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့၏ မဲဆွယ်လှုပ်ရှားမှုများကို သတင်းစာများ၊ တီဗွီအစီအစဉ်များတွင် ကြော်ငြာခြင်းအစား လူမှုမီဒီယာများတွင် မိမိတို့၏ ကိုယ်ပိုင်ဖေ့စ်ဘုတ်စာမျက်နှာများနှင့် အကောင့်များ တည်ထောင်ကာ လှုပ်ရှား မဲဆွယ်မှုများ တွေ့ရသည်။

တချိန်တည်းတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းပဋိပက္ခများသည် ရွေးကောက်ပွဲများ ကျင်းပနိုင်မှု အခြေအနေနှင့် သတင်းစီးဆင်းနိုင်မှုအအပေါ် သက်ရောက်မှုရှိလာသည်။ ဥပမာအားဖြင့် ၂၀၁၉ ဇွန်လကတည်းက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ရှိဒေသအချို့တို့တွင် အစိုးရအနေဖြင့် မိုဘိုင်းအင်တာနက် ဖြတ်တောက်မှုများ ပြုလုပ်ထားခဲ့သည်။[11] ထို့ကြောင့် ၄င်းဒေသနေ မဲဆန္ဒရှင် ပြည်သူလူထုများအနေဖြင့် လုံလောက်သော သတင်းအချက်အလက်များ ရရှိနိုင်မှုသည် ၄င်းဒေသအတွက် လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်မှုအပေါ် မေးခွန်းထုတ်စရာများ ဖြစ်လာခဲ့သည်။ ကိုဗစ်အကန့်အသတ်၊ ပြည်တွင်းပဋိပက္ခအခက်အခဲများအပြင် အင်တာနက်ဖြတ်တောက်ခံရမှုကဲ့သို့သော အတားအဆီးများသည် ၄င်းဒေသတွင် ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအတွက် အခြားဒေသများထက်ပိုသော အတားအဆီးများကို ရင်ဆိုင်ခဲ့ရသည်။

---

9. **Myanmar Press Council. (2020, January 14). ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာကျင့်ဝတ် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ။ Retrieved from https://www.facebook.com/myanmarpresscouncil/posts/3229344903747209/**

10. **Thaw Zin Myo. (2020, June 25). ၂၀၂၀ ရွေးကောက်ပွဲနဲ့ အခရာကျတဲ့ Facebook ရဲ့ အခန်းကဏ္ဍ). Myanmar Now. Retrieved from https://www.myanmar-now.org/mm/news/3974**

11. **Freedom House. (2020). Freedom on the Net. Retrieved from https://freedomhouse.org/my/country/myanmar/freedom-net/2020**

**သတင်းတု၊ သတင်းမှားများနှင့် အမုန်းစကားများ** - လူမှုမီဒီယာ အထူးသဖြင့် ဖေ့ဘုတ်သည် မြန်မာပြည်သူလူထု၏ အင်တာနက်အသုံးပြုသူများကြား ရေပန်းအစားဆုံး၊ အသုံးပြုမှုအများဆုံးဖြစ်သည်နှင့်အမျှ ၎င်းနှင့်ဆက်နွယ်သော ရွေးကောက်ပွဲဆိုင်ရာ ရိုက်ခတ်မှုများလည်း ရှိလာသည်။ လူမှုမီဒီယာပေါ်တွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအား ထောက်ခံအားပေးကြခြင်းနှင့် မထောက်ခံကြောင်း ပြသခြင်းများသည် အရေးပါလာသည်။ တစ်ချိန်တည်းတွင် ၎င်းနိုင်ငံရေးပါတီနှင့် ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းများအကြောင်း စနစ်တကျ အချိန်ကိုက် အပုတ်ချသည့် သတင်းအချက်အလက်များသည်လည်း အကောင်း/ပေ့ချ် အတု/အစစ်အမျိုးမျိုးဖြင့် ပေါ်များထွက်ပေါ်လာသည်။ ထို့ကြောင့် လူမှုမီဒီယာသည် ၂၀၂၀ ရွေးကောက်ပွဲအတွက် ပင်မ အချက်အချာကျသည့် လက်နက်တစ်ခုဟုပင် ဆိုရမည်ဖြစ်သည်။

၎င်း သတင်းတု သတင်းမှားများ ရှာဖွေ သတင်းပို့ခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၊ ဖေ့ဘုတ် (မြန်မာ) အဖွဲ့သားများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက် တားဆီးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

## ထူးခြားအချက်အလက်များ

- သတင်းတု/သတင်းမှားများအား ကာကွယ်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများအတွက် အပြာရောင်အမှတ်အသား (Blue Mark) ရရှိအောင် ဖေ့စ်ဘုတ်အဖွဲ့ (Facebook Team) နှင့် ပူးပေါင်းကာ ပြုလုပ်ပေးခြင်း။[12]
- ဖေ့စ်ဘုတ်အဖွဲ့ (Facebook Team) နှင့် ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းပြီး သတင်းတု/သတင်းမှား အရေးကိစ္စများအား ပူးပေါင်း၍ အချက်အလက်တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ဆောင်ခြင်း (Fact Checking)။[12]

❐

---

[12.] **Nay Yine and Zayah Htun. (2020, February 6). ၂၀၂၀ ရွေးကောက်ပွဲနှင့် လူမှုကွန်ရက်။ Daily Eleven. Retrieved from https://news-eleven.com/article/158204, https://news-eleven.com/article/158275**

[13.] **Zaw Min Naing. (2020, October 21). ၂၀၂၀ ရွေးကောက်ပွဲနီးလာချိန်တွင် အာဏာရပါတီ၏ ပြိုင်ဘက်ကိုယ်စားလှယ်လောင်းအချို့နှင့် နိုင်ငံရေးအရ ဝေဖန်ထောက်ပြသည့် အကောင့်အချို့၏ Post များကို Facebook က ဖြုတ်ချမှုများ ဆက်တိုက်ပြုလုပ်နေ။ Daily Eleven. Retrieved from https://news-eleven.com/article/195949**

# လေ့လာစောင့်ကြည့်သည့် သတင်းမီဒီယာနှင့် လေ့လာစောင့်ကြည့်ချိန်ပြ ဇယား

## ၁။ နေ့စဉ်ထုတ်သတင်းစာ

| စဉ် | စောင့်ကြည့်သည့် သတင်းစာများ | မှတ်ချက် |
|---|---|---|
| ၁) | 7 Day News | ● ပထမစာမျက်နှာပါ သတင်းများ |
| ၂) | Daily Eleven | ● စာမျက်နှာ (၁) နှင့် (၂) ပါ သတင်းများ |
| ၃) | The Voice Daily | ● နောက်ဆုံးစာမျက်နှာပါသတင်းများ |
| ၄) | The Standard Time | ● အယ်ဒီတာ့အာဘော် ဆောင်းပါးများ |
| ၅) | Myarmar Alinn (News Light of Myanmar) | |

မှတ်ချက် ။ ။ ကိုဗစ်ကာလအတွင်း သတင်းစာမထွက်သည့် သတင်းစာတိုက်များရှိခဲ့သည်။
The Voice Daily သည် စက်တင်ဘာလ (၉) ရက် မှ (၂၄) ရက်နေ့အထိ
7 Day Daily သည် စက်တင်ဘာလ (၂၂) ရက် မှ (၂၆) ရက်အထိ သတင်းစာမထွက်ပါ။

## ၂။ တီဗွီအစီအစဉ်

| စဉ် | တီဗွီအစီအစဉ် | စောင့်ကြည့်သည့်အချိန် | |
|---|---|---|---|
| | | နံနက်ပိုင်း | ညနေပိုင်း |
| ၁) | Skynet (TV) | 9:00 - 9:15 AM | 9:00 - 9:15 PM |
| ၂) | MRTV-4 (TV) | 7 : 30 AM | 10:000 PM |
| ၃) | DVB (TV) | 9 - 9:15 AM | 8 - 9 PM |
| ၄) | MRTV (TV) | 7:00 - 8:00 AM | 6:00 6:30 PM<br>8:00 9:00 PM |
| ၅) | Mizzima (TV) | 7:30 AM | 7:30 PM |
| ၆) | Channel 7 (TV) | 7 - 8 AM | ညပိုင်းမရှိ |

## ၃။ ရေဒီယိုအစီအစဉ်

| စဉ် | ရေဒီယိုအစီအစဉ် | စောင့်ကြည့်သည့်အချိန် | |
|---|---|---|---|
| | | နံနက်ပိုင်း | ညနေပိုင်း |
| ၁) | BBC (Radio) | 8:00 - 8:15 AM | 8:00 - 8:15 PM |
| ၂) | Padamyar FM | 11:00 AM | Ä:00 PM |
| ၃) | VOA Radio | 6:00 7:00 AM | 9:00 10:00 PM |
| ၄) | RFA | 7:00 AM | Ä:00 PM |
| ၅) | Mandalay FM | 7:00 -9:00 AM | Ä:00 9:00 PM |

## ၄။ ဒစ်ဂျစ်တယ် သတင်းစာများ

| စဉ် | စောင့်ကြည့်သည့် ဒစ်သတင်းစာများ | မှတ်ချက် |
|---|---|---|
| ၁) | Kamayut Media | သက်ဆိုင်ရာ သတင်းမီဒီယာဝပ်ဘ်ဆိုဒ်တွင် ဖော်ပြသော သတင်းများအနက် ၄င်းတို့၏ လူမှုကွန်ရက် ဖေ့စ်ဘုတ်စာမျက်နှာတွင် ထပ်ဆင့် ဖော်ပြသောသတင်းများကသာ ရေတွက်သည်။ |
| ၂) | Irrawaddy Media | |
| ၃) | Shan News Agencies | |
| ၄) | Myintkyina News Journal | |
| ၅) | Dawei Watch | |
| ၆) | Tarchileik News Agencies | |
| ၇) | Kantayawaddy Times | |

# အသုံးပြုသည့် နည်းစနစ်

၂၀၂၀ အထွေထွေရွေးကောက်ပွဲဆိုင်ရာ သတင်းများကို သတင်းမီဒီယာတွင်ဖော်ပြမှုအား လေ့လာရာတွင် အောက်ပါနည်းလမ်းများဖြင့် လေ့လာခဲ့ခြင်းဖြစ်ပါသည်။

အရေအတွက်အား အခြေခံသည့်သုံးသပ်ခြင်းနည်းလမ်း (Quantitative Approach) အနေဖြင့် သတင်းမီဒီယာများမှ နိုင်ငံရေးပါတီသတင်းများ၊ နိုင်ငံရေးဦးဆောင်သူ (ထင်ရှားသော နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များ) နှင့် ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာ (အမုန်းစကားနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများ၊ မဲဆန္ဒရှင်အသိပညာပေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အကြောင်းအရာများ) တို့အပေါ်တွင် အတိုင်းအတာအားဖြင့် မည်မျှ (စင်တီမီတာ၊ စက္ကန့်အားဖြင့်) ဖော်ပြနေသည်တို့ကို လေ့လာခြင်းဖြစ်ပါသည်။ ထို့အပြင် အရေအတွက်ကြိမ်နှုန်းအား လေ့လာခြင်းတွင် အကောင်းဘက် (Supporting)၊ ကြားနေ (Neutral) နှင့် အဆိုးဘက် (Opposing) အနေဖြင့် မည်မျှဖော်ပြကြသည်တို့ကို လေ့လာစောင့်ကြည့်ခဲ့ခြင်း ဖြစ်ပါသည်။

သတင်းဖော်ပြမှုအား အရည်အသွေးနည်းဖြင့် ချဉ်းကပ်ခြင်း (Qualitative Approach) တွင် မိမိတို့ စောင့်ကြည့်သော သတင်းမီဒီယာများသည် သတင်းသမားနှင့် သတင်းမီဒီယာများ လိုက်နာရမည့် ကျင့်ဝတ်၊ စံနှုန်းများနှင့်အညီ ရွေးကောက်ပွဲသတင်းများကို မည်သို့ တင်ဆက်သည်ကို လေ့လာခြင်းဖြစ်သည်။

## စောင့်ကြည့်သည့် သတင်းစာမျက်နှာများ

**၁) နေ့စဉ်ထုတ်သတင်းစာ**

- ပထမစာမျက်နှာပါ သတင်းများ
- စာမျက်နှာ (၁) နှင့် (၂) ပါ သတင်းများ
- နောက်ဆုံးစာမျက်နှာပါသတင်းများ
- အယ်ဒီတာ့အာဘော် ဆောင်းပါးများ

**၂) အီလက်ထရောနစ် မီဒီယာ (ရုပ်/သံ သတင်းမီဒီယာများ)**

- လူကြည့်များဆုံးချိန်အား သတ်မှတ်စောင့်ကြည့်ခြင်း (Prime Time News)
- နိုင်ငံရေးပါတီများ၏ ပါတီမူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များအား ဟောပြောတင်ပြသည့် အစီအစဉ်

**၃) ဒီဂျစ်တယ် သတင်းစာမျက်နှာများ (ဝက်ဘ်ဆိုက်နှင့် ယူကျူ)**

- စောင့်ကြည့်သည့် သတင်းမီဒီယာများ၏ ဖေ့စ်ဘုတ် သတင်းမီဒီယာပေါ်တွင် တင်ပြသော သတင်းများ

## စောင့်ကြည့်သည့် အချက်အလက် အကြောင်းအရာများ

အဓိက လေ့လာစောင့်ကြည့်သည့် အချက်များ -

- ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် သတင်းမီဒီယာတွင် မျှတသော သတင်းလွှမ်းခြုံ တင်ဆက်ခံရမှု ရှိခဲ့ပါသလား။
- လူမျိုးစု နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်းအား လွှမ်းခြုံတင်ဆက်မှု အားကောင်းလာပါသလား။
- အမျိုးသမီးနှင့် လူငယ် ကိုယ်စားလှယ်များအကြောင်း သတင်းလွှမ်းခြုံတင်ဆက်ခံရမှု မည်မျှရှိသလဲ။
- ရွေးကောက်ပွဲဆိုင်ရာ သတင်းများအား သတင်းမီဒီယာအနေဖြင့် နိုင်ငံတကာ သတင်းမီဒီယာ စံနှုန်းနှင့် ပြည်တွင်းသတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဘက်မလိုက်ဘဲ တင်ဆက်မှု မည်မျှ ရှိသလဲ။
- ရွေးကောက်ပွဲဆိုင်ရာသတင်းတင်ဆက်နိုင်မှုနှင့် မီဒီယာလွတ်လပ်မှုအတွက် သတင်းမီဒီယာ ဥပဒေများသည် ထိရောက်သက်ဝင်မှု မည်သို့ရှိသနည်း။

**၁) နေ့စဉ်ထုတ်သတင်းစာ**

- သတင်းများအား မည်သည့်နေ့ရက်တွင် ဖော်ပြသနည်း။
- သတင်းမီဒီယာသည် နိုင်ငံပိုင်သတင်းမီဒီယာ (သို့မဟုတ်) ပုဂ္ဂလိကပိုင်သတင်းမီဒီယာလား။
- မည်သည့်နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်း ဖော်ပြသနည်း။
- ဦးတည်ရွေးချယ်ထားသည့် နိုင်ငံရေးပါတီ ခေါင်းဆောင်များအကြောင်း မည်မျှဖော်ပြသနည်း။
- ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများတွင် (အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာမူဘောင် ပြုပြင်ပြောင်းလဲရေးအကြောင်းအရာနှင့် အခြားအကြောင်းအရာများ) အား မည်မျှ ဖော်ပြသနည်း။
- သတင်းဖော်ပြမှုပုံစံများအား သဘောထားအမြင်များ တင်ဆက်မှုပုံစံ (View Grade)

နှင့် သတင်းတင်ဆက်မှုပုံစံ (News Grade) ဟု ခွဲခြားထားပြီး အကောင်းဘက် (Supporting)၊ ကြားနေ (Neutral) နှင့် အဆိုးဘက် (Opposing) ဟု သတ်မှတ်ခြင်း။

## ၂) အီလက်ထရောနစ် မီဒီယာ (ရုပ်/သံ သတင်းမီဒီယာများ)

- သတင်းများအား မည်သည့်နေ့ရက်တွင် ဖော်ပြသနည်း။
- သတင်းမီဒီယာသည် နိုင်ငံပိုင်သတင်းမီဒီယာ (သို့မဟုတ်) ပုဂ္ဂလိကပိုင်သတင်းမီဒီယာလား။
- သတင်းဖော်ပြမှုစာသားနှင့် သတင်းခေါင်းစဉ်တွင် ပါဝင်သည့် မည်သည့်နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်း ဖော်ပြသနည်း။
- ဦးတည်ရွေးချယ်ထားသည့် နိုင်ငံရေးပါတီခေါင်းဆောင်များအကြောင်း မည်မျှ ဖော်ပြသနည်း။
- ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများတွင် (အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအကြောင်းအရာ နှင့် အခြားအကြောင်းအရာများ) အား မည်မျှ ပြောကြသနည်း။
- သတင်းဖော်ပြမှုပုံစံများအား သဘောထားအမြင်များ မေးမြန်းတင်ဆက်ခြင်း (View Grade) နှင့် ပုံမှန်သတင်းတင်ဆက်ခြင်း (News Grade) ဟု ခွဲခြားပြီး အကောင်းဘက် (Supporting)၊ ကြားနေ (Neutral) နှင့် အဆိုးဘက် (Opposing) ဟု သတ်မှတ်ခြင်း။

## ၃) ဒီဂျစ်တယ်သတင်းစာမျက်နှာများ (ဝဘ်ဆိုက် နှင့် ယူကျူ)

- ဝက်ဆိုဒ် (Website) တွင် လွှင့်တင်သည့် သတင်းများမှ မည့်သည့်သတင်းများအား ဖေ့စ်ဘုတ် စာမျက်နှာတွင် မည်မျှ ဖော်ပြသနည်း။
- ၄င်းသတင်းများအား မည်သည့်နေ့ရက်တွင် ဖော်ပြသနည်း။
- မည်သည့်နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်း ဖော်ပြသနည်း။
- ဦးတည်ရွေးချယ်ထားသည့် နိုင်ငံရေးပါတီခေါင်းဆောင်များအကြောင်း မည်မျှ ဖော်ပြသနည်း။
- ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများတွင် (အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအကြောင်းအရာ နှင့် အခြားအကြောင်းအရာများ) အား မည်မျှ ဖော်ပြသနည်း။
- သတင်းဖော်ပြမှုတွင် အမျိုးသမီး၊ လူငယ်နှင့် လူမျိုးစုကိုယ်စားလှယ်လောင်းများအကြောင်း မည်မျှ ဖော်ပြသနည်း။
- သတင်းဖော်ပြမှုပုံစံ များအား သဘောထားအမြင်များမေးမြန်းတင်ဆက်ခြင်း (View Grade) နှင့် ပုံမှန်သတင်းတင်ဆက်ခြင်း (News Grade) ဟု ခွဲခြားပြီး အကောင်းဘက် (Supporting)၊ ကြားနေ (Neutral) နှင့် အဆိုးဘက် (Opposing) ဟု သတ်မှတ်ခြင်း။

❒

# အဓိက လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များ အနှစ်ချုပ်

အဓိက လေ့လာစောင့်ကြည့်သည့် အချက်များ –

**၁) ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် သတင်းမီဒီယာတွင် မျှတသော သတင်းလွှမ်းခြုံတင်ဆက်ခံရမှု အခြေအနေ**

- ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် သတင်းမီဒီယာများသည် ထင်ရှားသော နိုင်ငံရေးပါတီငယ်များ၊ လူမျိုးစုနိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအကြောင်းကို သီးသန့်ရှာဖွေတင်ဆက်မှုများ ရှိလာသည်။ သို့သော်လည်း အဓိကဖော်ပြခြင်းခံရသည့် နိုင်ငံရေးပါတီကြီး (၂)ခုနှင့် နှိုင်းစာလျှင် ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးနေခဲ့သည်။ ထို့ကြောင့် နိုင်ငံရေးပါတီများသည် မျှတသော သတင်းလွှမ်းခြုံဖော်ပြခံရမှု အားနည်းခဲ့သည်။ သတင်းတင်ဆက်သူများအနေဖြင့် (အထူးသဖြင့် NLD နှင့် USDP ၎င်းတို့သည် လူစိတ်ဝင်စားမှု မြင့်သောကြောင့်) အဓိကပါတီကြီးများ၏ သတင်းများကိုသာ အလိုက်များကြသည်။ လူမျိုးစုကိုယ်စားပြု နိုင်ငံရေးပါတီများ အပါအဝင် အခြားသောနိုင်ငံရေးပါတီများအနေဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံပြိုင်ဆိုင်နိုင်ခြင်း မရှိသောကြောင့် သတင်းမီဒီယာများ၏ စိတ်ဝင်စားမှုနှင့် သတင်းစားသုံးသူများ၏ စိတ်ဝင်စားမှုကြောင့် သတင်းသမားများနှင့် ချိတ်ဆက်ဆက်သွယ်နိုင်မှု အကန့်အသတ်များကြောင့် စသည့် အကြောင်းကိစ္စရပ်များကြောင့် သတင်းမီဒီယာတွင် ပါဝင် ဖော်ပြခံရရန် ကြိုးစား ရုန်းကန်နေရဆဲအခြေအနေတွင် ရှိနေဆဲဖြစ်သည်။

**၂)** **လူမျိုးစု နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်းအား လွှမ်းခြုံတင်ဆက်မှု အားကောင်း လာမှုအခြေအနေ**

- ၂၀၁၅ အထွေထွေရွေးကောက်ပွဲ သတင်းတင်ဆက်မှုနှင့်နှိုင်းယှဉ်လျှင် သတင်းမီဒီယာများသည် လူမျိုးစုကိုယ်စားလှယ်လောင်းများ၊ အမျိုးသမီး၊ လူငယ်ကိုယ်စားလှယ်လောင်းများအကြောင်းကို ရှာဖွေဖော်ထုတ်မှု ပိုမိုများလာသည်။ သို့သော်လည်း အတိုင်းအတာအားဖြင့် နည်းနေပါသေးသည်။

**၃)** **ရွေးကောက်ပွဲဆိုင်ရာ သတင်းများအား သတင်းမီဒီယာအနေဖြင့် နိုင်ငံတကာ သတင်းမီဒီယာ စံနှုန်း နှင့် ပြည်တွင်းသတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဘက်မလိုက်ဘဲ တင်ဆက်မှုအခြေအနေ**

- ၂၀၁၅ အထွေထွေရွေးကောက်ပွဲ သတင်းတင်ဆက်မှုဆိုင်ရာ လေ့လာမှုများနှင့်နှိုင်းစာလျှင် ၂၀၂၀ တွင် မီဒီယာလွတ်လပ်မှုသည် တိုးတက်လာသကဲ့သို့ မီဒီယာများ၏ ကြားနေတင်ဆက်ဖော်ပြမှုများသည် အားကောင်းလာခဲ့သည်။
- အစိုးရ (သို့မဟုတ်) နိုင်ငံပိုင် သတင်းမီဒီယာသည် ၂၀၁၅ ထက် ပိုပြီး ကြားနေတင်ဆက်မှု အားကောင်းလာသည်။ ၂၀၁၅ တွင် မြန်မာ့အလင်းကဲ့သို့သော ပြည်သူပိုင်သတင်းမီဒီယာ ပေါ်တွင် ပါတီ တံဆိပ်၊ ပုံများ အသုံးပြုပြီး သတင်းဖော်ပြမှုများအထိ ရှိခဲ့ပြီး ၂၀၂၀ တွင် မရှိပါ။ သို့သော် အနိုင်ရပါတီ တို့၏ အားသာချက်အနေဖြင့် ၎င်းတို့၏ စီမံဆောင်ရွက်မှုနှင့် အောင်မြင်မှုများကို အစိုးရ၏ ၅ နှစ် သက်တမ်းအတွင်း အစီရင်ခံစာအဖြစ် ဖော်ပြကာ အာဏာရပါတီများအနေဖြင့် မဲဆွယ်နိုင်သည့် အခွင့်အလမ်း ရှိနေပါသည်။ အထူးကိစ္စရပ် အနေဖြင့် ထိုသို့ အာဏာရပါတီ၏ လုပ်ဆောင်ချက်များအား ဖော်ပြမှုတွင် ပါတီအမည်များအား အသုံးပြုဖော်ပြခြင်းမျိုးမရှိပါ။
- ပုဂ္ဂလိက သတင်းမီဒီယာသည်လည်း ၂၀၁၅ အထွေထွေရွေးကောက်ပွဲကာလထက် ပိုပြီး ကြားနေ (Neutral) တင်ဆက်မှု အားကောင်းလာသည်။ အကောင်းဘက် (Supporting) နှင့် အဆိုးဘက် (Opposing) ဖော်ပြမှုများလည်း သိသာသည့် အတိုင်းအတာ ပမာဏ အားဖြင့် ရှိနေသေးသည်။

**၄)** **ရွေးကောက်ပွဲ ဆိုင်ရာသတင်းတင်ဆက်နိုင်မှု နှင့် မီဒီယာလွတ်လပ်မှုအတွက် သတင်းမီဒီယာ ဥပဒေများသည် ထိရောက်သက်ဝင်မှုအခြေအနေ**

- သတင်းမီဒီယာဥပဒေသည် ရွေးကောက်ပွဲသတင်းရယူနိုင်ရန် အထူးကန့်သတ်ထားမှုများ မရှိသော်လည်း လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များတွင် သတင်းရယူနိုင်ရန် အခက်အခဲများ ရှိခဲ့သည်။ ဥပမာအားဖြင့် သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲ လမ်းညွှန်ထုတ်ပြန်ချက်များ၊ ရွေးကောက်ပွဲကော်မရှင်နှင့် သတင်းမီဒီယာကောင်စီ၊ သတင်းသမားများ တွေ့ဆုံဆွေးနွေးမှုများအရ ရွေးကောက်ပွဲ သတင်းရယူမှုအပိုင်း အထူးသဖြင့် သတင်းဓါတ်ပုံယူခြင်း ကိစ္စများတွင် သတင်းသမားများအတွက် အခက်အခဲများ ရှိနေဆဲဖြစ်သည်။
- လူမှုမီဒီယာ အထူးသဖြင့် ဖေ့စ်ဘုတ် (Facebook) အသုံးများလာသော ခေတ်တွင် ၎င်း

အတွက် တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မဲဆွယ်အသုံးစရိတ် သတ်မှတ်ထားနိုင်ခြင်း မရှိသေးပါ။ လူမှုမီဒီယာတွင် မဲဆွယ်ခြင်းအတွက် ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်း စဉ်းစားထားနိုင်မှု မရှိသေးခြင်းများရှိသည်။ ထို့ကြောင့် လူမှုမီဒီယာတွင် မျှတသော ယှဉ်ပြိုင်မှု အပေါ် အကျိုးသက်ရောက်စေသည့် ငွေကြေးသုံးစွဲ မဲဆွယ်မှုများ ရှိနိုင်သည်။

## ၅) ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများတွင် မည်သည့် အကြောင်းအရာများကို ဖော်ပြခဲ့ကြသနည်း။

- အစိုးရပိုင်သတင်းမီဒီယာသည် နိုင်ငံရေးပါတီများနှင့် ၎င်းတို့၏ မူဝါဒ မိတ်ဆက် အစီအစဉ်များကို အချိန်ညီညီမျှမျှဖြင့် ထုတ်လွှင့်ပေးခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ နိုင်ငံရေးပါတီအချို့၏ မဲဆွယ်စာသားများအား စိစစ်ဖြတ်တောက်မှုများကြောင့် အချို့သော နိုင်ငံရေးပါတီများအနေဖြင့် လာရောက် ဟောပြောမှုများ မပြုလုပ်ခဲ့သည်များ ရှိခဲ့သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး မဲဆန္ဒရှင်များအား သတင်းအချက်အလက်ပေးခြင်းများနှင့် ကော်မရှင်၏ လှုပ်ရှားမှုသတင်းများသည့် နိုင်ငံပိုင် (သို့မဟုတ်) အစိုးရမီဒီယာတွင် ဖော်ပြမှုအများဆုံးဖြစ်သည်။
- ပုဂ္ဂလိက မီဒီယာတွင် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုအကြောင်း အနည်းငယ်ပိုမိုဖော်ပြပြီး၊ မဲဆန္ဒရှင်များအား အသိပညာနှင့် သတင်းအချက်အလက်ပေးခြင်းသတင်းများလည်း အတော်အတန် ဖော်ပြပါသည်။ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကိစ္စများအား ဖော်ပြမှုမှာ အနည်းငယ်သာ ရှိခဲ့သည်။

## ၆) မည်သည့် ကာလများတွင် ဖော်ပြမှု မြင့်တက်ခဲ့သနည်း။

- ရွေးကောက်ပွဲကာလ နိုဝင်ဘာလ (၅) ရက် မှ (၁၀) ရက်နေ့များ အတွင်းသည် ၃ လ အတွင်း သတင်းဖော်ပြမှု အမြင့်ဆုံးကာလများဖြစ်သည်။

# ၂၀၁၅ နှင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲအကြောင်း နိုင်ငံပိုင်သတင်းစာတွင် သတင်းတင်ဆက်မှု မှတ်တမ်းများ

## နိုဝင်ဘာလ (၆) ရက်


မြန်မာ့အလင်း
Myanma Alinn Daily
Established in 1914

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် (၂)ရက်သာလိုတော့သည်

မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒအတိုင်း လွတ်လပ်စွာမဲပေးနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိအောင် အားလုံးပူးပေါင်းဆောင်ရွက်




မြန်မာ့အလင်း
Established in 1914
Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွဒ် ချန်အိုချာ (ငြိမ်း)တို့ တယ်လီဖုန်းဖြင့် ဆွေးနွေး

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
(၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ တက်ရောက်



## နိုဝင်ဘာလ (၂) ရက်


မြန်မာ့အလင်း
Myanma Alinn Daily
Established in 1914

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်သောကြောင့် တည်ငြိမ်အေးချမ်းအောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်




မြန်မာ့အလင်း
Established in 1914
Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများအပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် နိုင်ငံတော်ကိစ္စရပ်များတွင် အသုံးပြုရန် ဝယ်ယူထားသော နိုင်ငံတော်ပိုင် ရဟတ်ယာဉ် နေပြည်တော်သို့ ရောက်ရှိ

ဒစ်ဂျစ်တယ်ပလက်ဖောင်းများပေါ်က စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ

ဩစတြေးလျနိုင်ငံတွင် ဒုတိယအကြိမ် အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်

**အဓိကအကြံပြုချက်များ**

၁။ **သတင်းမီဒီယာများ** - သတင်းမီဒီယာများအနေဖြင့် လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများအတွက် အရေးကြီးသည့် မျှတသော သတင်းလွှမ်းခြုံဖော်ပြမှုနှင့် သတင်းတင်ဆက်မှုပုံစံများအား မြှင့်တင်ပေးပြီး အမျိုးသမီး၊ လူမျိုးစု၊ လူငယ်၊ မသန်စွမ်းများနှင့် LGBTIQA+ သူများ ပါဝင်မှုကို မြှင့်တင်သည့် အားလုံးအကြုံးဝင်တင်ဆက်မှုများအားလည်း ဖော်ဆောင်တင်ဆက်ရန်။

၂။ **နိုင်ငံရေးပါတီများ** - ယခု ၂၀၂၀ ရွေးကောက်ပွဲတွင် လူမှုမီဒီယာများအား အသုံးပြု မဲဆွယ်မှုများ အထူးသဖြင့် ရန်ကုန်အပါအဝင် မြို့ပြအခြေစိုက် နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းများ အနေဖြင့် အသုံးပြုမှု တိုးများလာသည်။ သို့သော်လည်း နိုင်ငံရေးပါတီအများစုမှာ လူမှုမီဒီယာများ အသုံးပြုမှု နည်းပါးသေးသည့် အနေအထားဖြစ်သည်။ လူမှုမီဒီယာအား မည်သို့ အသုံးပြုရမည်ကို သေချာ သိရှိစေရန် အသိပညာပေးရန် လိုအပ်နေပါသေးသည်။ ၎င်း အသိပညာပေးခြင်းတွင် သတင်းတု/သတင်းမှားနှင့် အမုန်းစကားများ ဆိုင်ရာ အကြောင်းအရာများကိုလည်း တပါတည်း ပေးမည်ဆိုပါက လူမှုမီဒီယာမှတဆင့် ကူးစက်ပြန့်နှံ့လာနိုင်သော ပဋိပက္ခများကို ကြိုတင် ပူးပေါင်း ကာကွယ်နိုင်မည့် ယန္တရားတစ်ရပ်ဖော်ဆောင်ရန်။

၃။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်** - လက်ရှိ ဥပဒေ၊ နည်းဥပဒေနှင့် ဆက်စပ် ဥပဒေ လုပ်ထုံးလုပ်နည်းများတွင် လူမှုမီဒီယာအား ထည့်သွင်းစဉ်းစားထားမှု အားနည်းနေပါသေးသည်။ ယခု ၂၀၂၀ ရွေးကောက်ပွဲအတွေ့အကြုံအရ လူမှုမီဒီယာအသုံးပြုမှုသည် မဲဆန္ဒရှင်နှင့် နိုင်ငံရေး ပါတီများအကြား ရေပန်းစားလာခဲ့သည်။ ၎င်းအနေအထားတွင် မဲဆွယ်စည်းရုံးရေးဆိုင်ရာ သတင်းတု/သတင်းမှားများအတွက် ကိုင်တွယ်ဖြေရှင်းရန် စည်းမျဉ်းစည်းကမ်း၊ မဲဆွယ်အသုံးစရိတ် ဆိုင်ရာ သတ်မှတ်ချက်များတွင် လူမှုမီဒီယာနှင့် ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများအား ပြဌာန်း ရေးဆွဲသင့်ပြီဖြစ်ပါသည်။ ထို့အပြင် သတင်းအချက်အလက်ပေးခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းများတွင်လည်း သတင်းမီဒီယာများအား တိုးမြှင့်အသုံးချရန်။

၄။ **အရပ်ဖက်လူမှုအဖွဲ့အစည်းများ** - အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှုများအား လေ့လာ စောင့်ကြည့်ရာတွင် ဖေ့ဘုတ်နှင့် လူမှုမီဒီယာများ အသုံးပြု မဲဆွယ်မှုနှင့် ၎င်း၏ သက်ရောက်မှုများအား လေ့လာစောင့်ကြည့်ခြင်း။ မဲဆွယ်အသုံးစရိတ်များအား လေ့လာရာတွင် လူမှုမီဒီယာမဲဆွယ် အသုံးစရိတ်များအားလည်း စံနစ်တကျ လေ့လာ စောင့်ကြည့် ကြရန်။ သတင်းမီဒီယာများသည် ကျေးလက်ဒေသများအထိ လွှမ်းခြုံရောက်ရှိမှုရှိသဖြင့် သတင်း မီဒီယာများအား အသုံးပြု၍ သတင်းအချက်အလက်ပေးခြင်း၊ မဲဆန္ဒရှင်အသိပညာပေးခြင်းများအား ပိုမိုလုပ်ဆောင်ကြရန်။

၅။ **Facebook** - ဖေ့စ်ဘုတ် အနေဖြင့် လွတ်လပ်မျှတသော ရွေးကောက်ပွဲအား ထိခိုက်စေမည့် အမုန်းစကားများဖြင့် မဲဆွယ်မှုများ၊ ငွေကြေးအမြောက်အများအသုံးပြုမဲဆွယ်မှုများအား ကန့်သတ် စေပြီး နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များ၏ လွတ်လပ်စွာ မဲဆွယ်မှု နှင့် အသိပညာပေးခြင်း ကိစ္စရပ်များကို မထိခိုက်စေသည့် အထူးအစီအစဉ်ကိစ္စရပ်များအဖြစ် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူ များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❒

## Alphabilically
## ၆။ အတိုကောက်စာလုံးများနှင့် စကားရပ်အဓိပ္ပာယ်များ

| | |
|---|---|
| AA | Arakan Army |
| RCSS | The Restoration Council of Shan State |
| AESF | ASIAN Electoral Stakeholder Forum |
| ANFREL | Asia Network for Free Elections |
| ANP | Arakan National Party |
| AESL | The Asia Electoral Stakeholders' Forums |
| PACE | People's Alliance for Credible Elections |
| CSOs | Civil Society Organizations |
| Political Ads | Political Advertising |
| BBC | British Broadcasting Corporation |
| MYNFREL | Myanmar Network Organization for Free and Fair Elections |
| NLD | National League for Democracy |
| PACE | People's Alliance for Credible Elections |
| RCSS | the Restoration Council of Shan State |
| SNLD | Shan Nationalities League for Democracy |
| UEC | the Union Election Commission |
| USDP | Union Solidarity and Development Party |

❒

# ၇။ ကဏ္ဍအလိုက် လေ့လာတွေ့ရှိချက်များ
## (က) နေ့စဉ်ထုတ် ပုံနှိပ်သတင်းစာတွင် ဖော်ပြခံရမှု

မြန်မာနိုင်ငံအနေအထားအရ ပုံနှိပ်မီဒီယာ (Print Media) စာစောင်သည် ဒေသစုံ လူထုလူတန်းစားအလွှာစုံကို ရောက်ရှိသော သတင်းအမျိုးအစားဖြစ်ပြီး၊ ဒစ်ဂျစ်တယ်ခေတ်မတိုင်မီတွင် သတင်းစာမှတဆင့် သတင်းအချက်အလက် ရယူကြသည်။ မြန်မာနိုင်ငံတွင် သတင်းစာမှတဆင့် သတင်းအချက်အလက် ရရှိမှုကို ဒေတာအချက်အလက် တိတိကျကျဖြင့် မရှိထားသော်လည်း သတင်းစာများသည် တောရောမြို့ပါ ရောက်ရှိ ဖတ်ရှုကြသည့် အလေ့အထရှိသည်။ အထူးသဖြင့် အစိုးရပိုင် သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများသည် ကျေးလက် တောရွာများအထိ နေ့စဉ်ရောက်ရှိနိုင်သည့် တစ်ခုတည်းသော တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မှု ရှိသော သတင်းမီဒီယာအမျိုးအစားဖြစ်သည်။

**၁။ မည်သည့်နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်း ဖော်ပြသနည်း။**

| စဉ် | နိုင်ငံရေးပါတီအမည်များ (အင်္ဂလိပ်) | သတင်းအကြိမ် အရေအတွက် (%) | သတင်းလွှမ်းခြုံမှု စုစုပေါင်း | သတင်းလွှမ်းခြုံမှု | |
|---|---|---|---|---|---|
| | | | | အစိုးရပိုင် | ပုဂ္ဂလိကပိုင် |
| ၁။ | ရခိုင်အမျိုးသားပါတီ (5 Arakan National Party (ANP)) | ၃.၀% | ၂% | ၀.၃% | ၂% |
| ၂။ | ကချင်ပြည်နယ် ပြည်သူ့ပါတီ (27 Kachin State People's Party (KSPP) ) | ၁.၁% | ၀.၆% | ၀% | ၁% |
| ၃။ | ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ (28 Karen National Democratic Party (KNDP) ) | ၀.၈% | ၀.၅% | ၁% | ၀.၄% |

| | | | | | |
|---|---|---|---|---|---|
| ၄။ | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (30 Kayah State Democratic Party (KySDP)) | ၀.၅% | ၀.၃% | ၀% | ၀.၃% |
| ၅။ | မွန်ညီညွတ်ရေးပါတီ (40 Mon Unity Party (MUP)) | ၂.၈% | ၁.၆% | ၁% | ၂% |
| ၆။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (52 National League for Democracy (NLD) ) | ၃၉.၆% | ၂၁% | ၆% | ၂၃% |
| ၇။ | ပြည်သူ့ရှေ့ဆောင်ပါတီ (69 People s Pioneer Party (PPP)) | ၅.၂% | ၃% | ၂% | ၃% |
| ၈။ | ပြည်သူ့ပါတီ (67 People`s Party (PP)) | ၂.၈% | ၁.၅% | ၀% | ၂% |
| ၉။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (75 Shan Nationalities League for Democracy (SNLD)) | ၆.၁% | ၃% | ၁% | ၄% |
| ၁၀။ | ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ (85 Union Betterment Party (UBP)) | ၁.၉% | ၁% | ၂% | ၁% |
| ၁၁။ | ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (89 Union Solidarity and Development Party (USDP)) | ၁၅.၉% | ၈% | ၂% | ၉% |
| ၁၂။ | ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (14 Democracy and Human Rights Party (DHRP)) | ၀.၄% | ၀.၃% | ၁% | ၀.၁% |
| ၁၃။ | လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (15 Democratic Party For a New Society (DPNS)) | ၁.၀% | ၀.၆% | ၀% | ၁% |

| | | | | | |
|---|---|---|---|---|---|
| ၁၄။ | အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ (17 Democratic Party of National Politics (DNP)) | ၀.၄% | ၀.၃% | ၁% | ၀.၁% |
| ၁၅။ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) (18 Democratic Party (Myanmar)) | ၀.၃% | ၀.၂% | ၁% | ၀.၀% |
| ၁၆။ | အင်း အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (23 Inn National League Party (INLP)) | ၀.၉% | ၀.၄% | ၂% | ၀.၂% |
| ၁၇။ | ကမန်အမျိုးသား တိုးတက်ရေးပါတီ (24 Ka Man National Development Party) | ၀.၄% | ၀.၂% | ၁% | ၀.၀% |
| ၁၈။ | ကချင်အမျိုးသား ကွန်ဂရက်ပါတီ (25 Kachin National Congress(KNC)) | ၁.၁% | ၁% | ၁% | ၁% |
| ၁၉။ | ကရင်အမျိုးသားပါတီ (29 Karen National Party) | ၀.၄% | ၀.၄% | ၁% | ၀.၃% |
| ၂၀။ | ကရင်ပြည်သူ့ပါတီ (32 Kayin Peoples Party (KPP)) | ၀.၅% | ၀.၄% | ၁% | ၀.၂% |
| ၂၁။ | လီဆူးအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) (38 Lisu National Development Party(L.N.D.P)) | ၀.၃% | ၀.၃% | ၁% | ၀.၁% |
| ၂၂။ | နာဂအမျိုးသားပါတီ (47 Naga National Party (NNP)) | ၀.၅% | ၀.၂% | ၀% | ၀.၃% |

| | | | | | |
|---|---|---|---|---|---|
| ၂၃။ | အမျိုးသား ဒီမိုကရေစီ အင်အားစုပါတီ (48 National Democratic Force(NDF)) | ၀.၆% | ၀.၅% | ၁% | ၀.၄% |
| ၂၄။ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရေတစ်ပါတီ (49 National Democratic Party for Development (NDPD)) | ၀.၄% | ၀.၃% | ၂% | ၀.၁% |
| ၂၅။ | အမျိုးသားတိုးတက်ရေးပါတီ (51 National Development Party (NDP)) | ၀.၃% | ၀.၂% | ၁% | ၀.၁% |
| ၂၆။ | လူ့ဘောင်သစ်ပါတီ (61 New Society Party) | ၀.၄% | ၀.၃% | ၂% | ၀.၀% |
| ၂၇။ | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ် (62 Pao National Organization (PNO)) | ၁.၆% | ၁% | ၁% | ၁% |
| ၂၈။ | မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ (68 People`s Party of Myanmar Farmers And Workers) | ၀.၃% | ၀.၂% | ၂% | ၀.၀% |
| ၂၉။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (74 Shan Nationalities Democratic Party) | ၀.၆% | ၀.၄% | ၁% | ၀.၂% |
| ၃၀။ | ရှမ်းနီ (တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ (77 Shan-ni Solidarity Party(SSP)) | ၀.၅% | ၀.၃% | ၂% | ၀.၁% |
| ၃၁။ | တအာင်း(ပလောင်) အမျိုးသားပါတီ (78 Ta-Arng (Palaung) National Party) | ၀.၈% | ၀.၅% | ၁% | ၀.၃% |
| ၃၂။ | ပြည်ထောင်စု ဒီမိုကရေစီပါတီ (86 Union Democratic Party) | ၀.၄% | ၀.၃% | ၀% | ၀.၃% |

| | | | | | |
|---|---|---|---|---|---|
| ၂၃။ | ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (90 United Democratic Party (UDP)) | ၅.၅% | ၃% | ၀% | ၃.၈% |
| ၂၄။ | ညီညွတ်သော တိုင်းရင်းလူမျိုးစုများ ဒီမိုကရေစီပါတီ (91 United Nationalities Democracy Party (UNDP)) | ၁.၂% | ၁% | ၁% | ၁% |
| ၂၅။ | ဝံသာနုဒီမိုကရက်တစ်ပါတီ (93 Wun Thar Nu Democratic Party) | ၀.၃% | ၀.၃% | ၁% | ၀.၁% |
| ၂၆။ | ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (95 Zomi Congress for Democracy (ZCD)) | ၀.၅% | ၀.၃% | ၂% | ၀.၀% |

နေ့စဉ်ထုတ်သတင်းစာတွင် သတင်းလွှမ်းခြုံဖော်ပြမှုစုစုပေါင်း (Total Spacing ) ၁၀၀၀ (တစ်ထောင်) စင်တီမီတာစကွဲယားကျော် ရရှိသော ပါတီ (၃၆) ပါတီရှိသည်။ ၁၀၀၀ (တစ်ထောင်) စင်တီမီတာစ ကွဲယား အောက်ရရှိသော ပါတီများကို ဇယားတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

အစိုးရပိုင် မြန်မာ့အလင်းသတင်းစာသည် မျှတစွာဖော်ပြသည်။ သို့သော်လည်း အခြားပါတီများအကြောင်းအား ၁-၂ ရာခိုင်နှုန်းဖြင့် အနိုင်ရပါတီ NLD အကြောင်း ဖော်ပြမှု ၆% ဖြင့် ပိုမိုဖော်ပြခဲ့ရသည်။

## ၂။ ဦးတည်ရွေးချယ်ထားသည့် နိုင်ငံရေးပါတီခေါင်းဆောင်များအကြောင်းမည်မျှ ဖော်ပြသနည်း။

### (က) သတင်းစာဖြင့်

| စဉ် | ပါတီအမည် | သတင်းခြုံငုံတင်ပြမှု (Time) |
|---|---|---|
| ၁။ | ရခိုင်အမျိုးသားပါတီ (5.Arakan National Party (ANP) ) | ၅.၃% |
| ၂။ | ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (8. Chin National League For Democracy Party (CNLD) ) | ၀.၅% |
| ၃။ | ကချင်ပြည်နယ် ပြည်သူ့ပါတီ (27. Kachin State People's Party (KSPP)) | ၀.၀% |

| | | |
|---|---|---|
| ၄။ | ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ<br>(28. Karen National Democratic Party ) | ၂.၁% |
| ၅။ | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ<br>(30. Kayah State Democratic Party (KySDP)) | ၀.၄% |
| ၆။ | မွန်ညီညွတ်ရေးပါတီ<br>(40. Mon Unity Party (MUP) ) | ၀.၈% |
| ၇။ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ<br>(52. National League for Democracy (NLD)) | ၅၇.၁% |
| ၈။ | ပြည်သူ့ရှေ့ဆောင်ပါတီ<br>(69. People s Pioneer Party (PPP)) | ၉.၄% |
| ၉။ | ပြည်သူ့ပါတီ<br>(67. People's Party ) | ၂.၂% |
| ၁၀။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်<br>(75. Shan Nationalities League for Democracy (SNLD) ) | ၅.၃% |
| ၁၁။ | ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ<br>(85. Union Betterment Party (UBP)) | ၃.၇% |
| ၁၂။ | ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ<br>(89. Union Solidarity and Development Party (USDP) ) | ၁၃.၁% |

NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အကြောင်း ၅၇ ရာခိုင်နှုန်းဖြင့် အများဆုံး၊ ဒုတိယ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင် (၁၃%) နှင့် တတိယအများဆုံးမှာ ပြည်သူ့ရှေ့ဆောင်ပါတီ ဒေါ်သက်သက်ခိုင်အကြောင်း ဖော်ပြမှု (၉%)တို့ဖြစ်သည်။ လူမျိုးစုပါတီခေါင်းဆောင်များအနေဖြင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) နှင့် ရခိုင်အမျိုးသားပါတီ (ANP) တို့မှာ ၅ % ကျော်စီဖြင့် စတုတ္ထအများဆုံး ဖော်ပြခံရသည်။ မိမိတို့ အခိကစောင့်ကြည့်သည့် စာမျက်နှာတွင် လုံးဝ ဖော်ပြခြင်းမခံရသည့် လူမျိုးစုအခြေပြု ပါတီများလည်း ရှိသည်။

## (ခ) သတင်းဓါတ်ပုံဖြင့်




**ပုံ (၁) နေ့စဉ်ထုတ် သတင်းစာတွင် သတင်းဓါတ်ပုံဖြင့် ဖော်ပြမှု အတိုင်းအတာ (စင်တီမီတာစကွဲယား) ဖြစ်သည်။**

သတင်းဓါတ်ပုံဖြင့် ဖော်ပြမှု ဆိုသည်မှာ သတင်းစာအတွင်း သတင်းဖော်ပြမှုတွင် သတင်းဓာတ်ပုံဖြင့် ဖော်ပြခြင်းကို စင်တီမီတာစကွဲယား အတိုင်းအတာအရေအတွက်ဖြင့် လေ့လာခြင်းပင်ဖြစ်သည်။

## (ဂ) သတင်းခေါင်းကြီးဖြင့် (ပထမဆုံးစာမျက်နှာတွင်)




**ပုံ (၂) နေ့စဉ်ထုတ် သတင်းစာတွင်ခေါင်းကြီးသတင်းဖြင့် ဖော်ပြမှု အတိုင်းအတာ (စင်တီမီတာစကွဲယား) ဖြစ်သည်။**

သတင်းခေါင်းကြီးဆိုသည်မှာ သတင်းစာတစ်ခုလုံး၏ ပထမဆုံးစာမျက်နှာတွင် ဖော်ပြသော သတင်းကို ဆိုလိုသည်။

**၃။ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများတွင် (အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာမူဘောင် ပြုပြင်ပြောင်းလဲရေး အကြောင်းအရာ နှင့် အခြားအကြောင်းအရာများ) အား မည်မျှ ဖော်ပြသနည်း။**

| အကြောင်းအရာ | % |
|---|---|
| မဲဆန္ဒရှင်အသိပညာပေးခြင်း | ၂.၂ |
| ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုနှင့် အမုန်းစကား | ၆.၃ |
| ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေး | ၁.၉ |
| အခြား | ၈၉.၆ |




**Figure 3.ပုံနှိပ်သတင်းများတွင် ရွေးကောက်ပွဲဆိုင်ရာသတင်းများ ခွဲခြမ်း စောင့်ကြည့်ရာတွင် သတ်မှတ်ခေါင်းစဉ်အလိုက် မည်မျှ ဖော်ပြသည်ကို ဆိုလိုသည်။**

ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုနှင့် အမုန်းစကားများအကြောင်း ဖော်ပြမှုသည် အများဆုံး ဖြစ်သည်။ အခြားဆိုသည်မှာ မိမိတို့ သတ်မှတ်ထားသည့် အကြောင်းအရာနှင့် တိုက်ရိုက် မသက်ဆိုင်သည့် ရွေးကောက်ပွဲသတင်းများကို ဆိုလိုသည်။
မဲဆန္ဒရှင်အသိပညာပေးခြင်းအကြောင်းအရာကို ဒုတိယအများဆုံး ဖော်ပြသည်။ မိမိတို့ သတ်မှတ်သည့် မဲဆန္ဒရှင်အသိပညာပေးဆိုသည်မှာ မဲဆန္ဒရှင်များသိသင့် သိထိုက်သည်များကို တိုက်ရိုက် အသိပညာပေးသည့် သတင်းကိုသာ ဆိုလိုသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်သည့်သတင်းများအား ထည့်သွင်းမရေတွက်ပါ။

**မှတ်ချက်** ။ ။ အခြားအကြောင်းအရာ ဆိုသည်မှာ အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအကြောင်းအရာ မဟုတ်သည့် ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် သတင်းများကို ဆိုလိုပါသည်။

**၄။ သတင်းဖော်ပြမှုပုံစံများအား သဘောထားအမြင်များ တင်ဆက်မှုပုံစံ (View Grade) နှင့် သတင်း တင်ဆက်မှုပုံစံ (News Grade) ဟု ခွဲခြားပြီး Supporting, Opposing, Neutral ဟု သတ်မှတ်ခြင်း။**




**Figure 4.** သတင်းစာဆရာအာဘော်များ၊ သတင်းတင်ဆက်သူ၏ အမြင်သဘောထားများ။ သတင်းတွင်ပါဝင်သူများ၏ သဘောထားကောက်မှတ်ချက်နှင့် ဝေဖန်ရေးအကြောင်းအရာများတွင် သတင်းမီဒီယာအလိုက် အကောင်းဘက်၊ ကြားနေနှင့် အဆိုးဘက်မှ ဖော်ပြခြင်းကို ဆိုလိုသည်။




**Figure 5.** သတင်းစာဆရာအာဘော်များ၊ သတင်းတင်ဆက်သူ၏ အမြင်သဘောထားများ။ သတင်းတွင်ပါဝင်သူများ၏ သဘောထားကောက်မှတ်ချက်နှင့် ဝေဖန်ရေးအကြောင်းအရာများတွင် သတင်းမီဒီယာအလိုက် အကောင်းဘက်၊ ကြားနေနှင့် အဆိုးဘက်မှ ဖော်ပြခြင်းကို ဆိုလိုသည်။

## ၅. သတင်းများအား မည်သည့်အချိန်တွင် ဖော်ပြသနည်း။




ပုံ (၆) နေ့စဉ်ထုတ်သတင်းစာတွင် စက်တင်ဘာလမှ နိုဝင်ဘာလထိ သတင်းလွှမ်းခြုံဖော်ပြမှု လမ်းကြောင်းဖြစ်သည်။

Trend Analysis _ နိုဝင်ဘာလသည် ရွေးကောက်ပွဲကာလ ဖြစ်သောကြောင့် သတင်းဖော်ပြမှု အကြိမ်ရေသည် အမြင့်ဆုံးဖြစ်ခဲ့သည်။ အထူးသဖြင့် နိုဝင်ဘာ ၈၊ ၉ ၊ ၁၀ ရက်များသည် တစ်လလုံး သတင်းတင်ဆက်မှုအားလုံး၏ အမြင့်ဆုံး နေ့ရက်များဖြစ်ကြသည်။

❐

# (ခ) နေ့စဉ် ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြခံရမှု

**၁။ မည်သည့်နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်း ဖော်ပြသနည်း။**

| စဉ် | နိုင်ငံရေးပါတီအမည်များ (အင်္ဂလိပ်) | သတင်းအကြိမ် အရေအတွက်(%) | စုစုပေါင်း သတင်းတင်ဆက်မှု အတိုင်းအတာ (%) | သတင်းလွှမ်းခြုံမှု | |
|---|---|---|---|---|---|
| | | | | အစိုးရပိုင် | အစိုးရပိုင် |
| ၁။ | ရခိုင်အမျိုးသားပါတီ (5 Arakan National Party (ANDP) ) | ၂.၀ % | ၀.၉% | ၁.၃% | ၀.၅% |
| ၂။ | မွန်ညီညွတ်ရေးပါတီ (40 Mon Unity Party (MUP) ) | ၂.၂% | ၁.၁% | ၁.၃% | ၀.၈% |
| ၃။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပါတီ (75 Shan Nationalities League for Democracy (SNLD) ) | ၁.၇% | ၀.၈% | ၁.၃% | ၀.၃% |
| ၄။ | ထားဝယ် တိုင်းရင်းသားများပါတီ (13 Dawei Nationalities Party (DNP)) | ၀.၆% | ၀.၆% | ၁.၀% | ၀.၀% |
| ၅။ | ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (14 Democracy and Human Rights Party (DHRP)) | ၀.၈% | ၀.၇% | ၁.၂% | ၀.၁% |
| ၆။ | အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ (17 Democratic Party of National Politics (DNP)) | ၁.၁% | ၀.၈% | ၁.၂% | ၀.၂% |
| ၇။ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) (18 Democratic Party (Myanmar) | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၈။ | တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ (19 Ethnic National Development Party (ENDP)) | ၀.၆% | ၀.၄% | ၀.၈% | ၀.၀% |
| ၉။ | အင်းအမျိုးသား အဖွဲ့ချုပ်ပါတီ (23 Inn National League Party (INLP)) | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၁၀။ | ကမန်အမျိုးသား တိုးတက်ရေးပါတီ (24 Ka Man National Development Party (KNDP)) | ၀.၆% | ၀.၅% | ၁.၀% | ၀.၀% |
| ၁၁။ | ကရင်ပြည်သူ့ပါတီ (32 Kayin Peoples Party (KPP)) | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၁၂။ | လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (36 La Hu National Development Party (LNDP) | ၀.၆% | ၀.၇% | ၁.၂% | ၀.၀% |
| ၁၃။ | လော်ဝေါ်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (37 Lhaovo National Unity and Develo-pment Party (LNUDP)) | ၀.၆% | ၀.၇% | ၁.၂% | ၀.၀% |

| | | | | | |
|---|---|---|---|---|---|
| ၁၄။ | လီဆူးအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)<br>38 Lisu National Development Party (L.N.D.P)) | ၀.၈% | ၀.၅% | ၀.၉% | ၀.၁% |
| ၁၅။ | ခေတ်သစ် ပြည်သူ့ပါတီ<br>39 Modern People Party | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၁၆။ | မြန်မာနိုင်ငံ တောင်သူ လယ်သမား ဖွံ့ဖြိုး တိုးတက်ရေးပါတီ<br>(44 Myanmar Farmer's Development Party) | ၀.၆% | ၀.၅% | ၁.၀% | ၀.၀% |
| ၁၇။ | မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ<br>(46 Myanmar People's Democratic Party (MPD)) | ၀.၈% | ၀.၉% | ၁.၇% | ၀.၀% |
| ၁၈။ | အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ<br>48 National Democratic Force (NDF) | ၀.၆% | ၀.၆% | ၁.၁% | ၀.၀% |
| ၁၉။ | အမျိုးသားဖွံ့ဖြိုး တိုးတက်ရေး ဒီမိုကရက်ပါတီ<br>(49 National Democratic Party for Development (NDPD)) | ၀.၆% | ၀.၆% | ၁.၁% | ၀.၀% |
| ၂၀။ | အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ<br>(50 National Development and Peace Party (NDPP)) | ၀.၆% | ၀.၄% | ၀.၈% | ၀.၀% |
| ၂၁။ | အမျိုးသားတိုးတက်ရေး ပါတီ (51 National Development Party) | ၀.၆% | ၀.၆% | ၁.၁% | ၀.၀% |

| | | | | | |
|---|---|---|---|---|---|
| ၂၂။ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (52 National League for Democracy (NLD)) | ၄၆.၉% | ၉.၈% | ၃.၃% | ၁၇.၅% |
| ၂၃။ | အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် ပါတီ (53 National Political Alliance League) | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၂၄။ | အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (55 National United Democratic Party (N.U.D)) | ၀.၈% | ၁.၁% | ၁.၉% | ၀.၀% |
| ၂၅။ | အမျိုးသားညီညွတ်ရေး ကွန်ဂရက်ပါတီ (56 National Unity Congress Party) | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၂၆။ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ (57 National Unity Party (NUP) | ၀.၆% | ၀.၇% | ၁.၂% | ၀.၀% |
| ၂၇။ | ဒီမိုကရေစီပါတီသစ် (ကချင်) 58 New Democracy Party (Kachin) «N.D.P(Kachin)ps | 0.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၂၈။ | ခေတ်သစ်ပြည်ထောင်စု ပါတီ (59 New Era Union Party (NEU)) | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၂၉။ | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ (63 Party for Democracy and Peace) | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၃၀။ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ (64 Peace for Diversity Party) | ၀.၆% | ၀.၆% | ၁.၂% | ၀.၀% |

| | | | | | |
|---|---|---|---|---|---|
| ၃၁။ | ပြည်သူ့ပါတီ (67 People's Party(PP)) | ၂.၀% | ၀.၆% | ၀.၀% | ၁.၃% |
| ၃၂။ | မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ (68 People's Party of Myanmar Farmers And Workers (PPMFW)) | ၀.၆% | ၀.၆% | ၁.၂% | ၀.၀% |
| ၃၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ (69 People s Pioneer Party (PPP)) | ၂.၂% | ၁.၁% | ၁.၃% | ၁.၀% |
| ၃၄။ | ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ (73 Rakhine State National United Party (RSNUP) | ၀.၆% | ၀.၅% | ၀.၉% | ၀.၀% |
| ၃၅။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (74 Shan Nationalities Democratic Party (SNDP)) | ၁.၁% | ၀.၈% | ၁.၂% | ၀.၃% |
| ၃၆။ | ရှမ်းနီ (တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ (77 Shan-ni Solidarity Party (SSP)) | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၃၇။ | တအာင်း(ပလောင်) အမျိုးသားပါတီ (78 Ta-Arng (Palaung) National Party (TNP)) | ၁.၄% | ၀.၈% | ၁.၃% | ၀.၃% |
| ၃၈။ | လူထုပါတီ(82 The Party for People) | ၀.၆% | ၀.၆% | ၁.၁% | ၀.၀% |
| ၃၉။ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (85 Union Betterment Party (UBP)) | ၁.၇% | ၀.၉% | ၁.၃% | ၀.၅% |
| ၄၀။ | ပြည်ထောင်စု လယ်သမား အလုပ်သမား | | | | |

| | | | | | |
|---|---|---|---|---|---|
| | အင်အားစုပါတီ (87 Union Farmer-Labour Force Party (UFLF)) | ၀.၆% | ၀.၇% | ၁.၃% | ၀.၀% |
| ၄၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (89 Union Solidarity and Development Party (USDP) | ၁၇.၆% | ၄.၂% | ၁.၆% | ၇.၃% |
| ၄၂။ | ဝံသာနု ဒီမိုကရက်တစ်ပါတီ (93 Wun Thar Nu Democratic Party) | ၁.၁% | ၀.၇% | ၁.၀% | ၀.၂% |
| ၄၃။ | ဇိုတိုင်းရင်းသားဒေသ ဖွံ့ဖြိုးရေးပါတီ (94 Zo National Region Development (ZNRD)) | ၀.၆% | ၀.၅% | ၀.၈% | ၀.၀% |
| ၄၄။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (95 Zomi Congress for Democracy (ZCD)) | ၀.၆% | ၀.၇% | ၁.၂% | ၀.၀% |

နေ့စဉ် ရုပ်မြင်သံကြားသတင်းတွင် သတင်းလွှမ်းခြုံဖော်ပြမှု စုစုပေါင်း (Total Spacing) ၅၀၀ စင်တီမီတာ စကျော်ယားကျော်ရရှိသော နိုင်ငံရေးပါတီ (၄၄) ပါတီရှိသည်။

၅၀၀ စင်တီမီတာ အောက်ရရှိသော နိုင်ငံရေးပါတီများကို ဇယားတွင် ဖော်ပြထားခြင်းမရှိပါ။

**၂။ ဦးတည်ရွေးချယ်ထားသည့် နိုင်ငံရေးပါတီခေါင်းဆောင်များအကြောင်း မည်မျှ ဖော်ပြသနည်း။**

| စဉ် | ပါတီအမည် | သတင်းခြုံငုံတင်ပြမှု (Time) | ပါတီမဲဆွယ် စည်းရုံးရေး ဟောပြောမှု (Party Manifesto) |
|---|---|---|---|
| ၁။ | ရခိုင်အမျိုးသားပါတီ (5.Arakan National Party (ANP)) | ၆.၅% | ၂၀.၁% |

| | | | |
|---|---|---|---|
| ၂။ | ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (8. Chin National League For Democracy Party (CNLD) ) | ၀.၀% | ၀.၀% |
| ၃။ | ကချင်ပြည်နယ် ပြည်သူ့ပါတီ (27. Kachin State People's Party (KSPP)) | ၀.၈% | ၀.၀% |
| ၄။ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (28. Karen National Democratic Party (KNDP)) | ၁.၄% | ၀.၀% |
| ၅။ | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (30. Kayah State Democratic Party (KySDP)) | ၀.၀% | ၀.၀% |
| ၆။ | မွန်ညီညွတ်ရေးပါတီ (40. Mon Unity Party (MUP)) | ၀.၀% | ၀.၀% |
| ၇။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (52. National League for Democracy (NLD)) | ၄၄.၇% | ၂၀.၃% |
| ၈။ | ပြည်သူ့ရှေ့ဆောင်ပါတီ (69. People s Pioneer Party (PPP)) | ၈.၉% | ၁၉.၉% |
| ၉။ | ပြည်သူ့ပါတီ (67. People's Party (PP)) | ၇.၅% | ၀.၀% |
| ၁၀။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (75. Shan Nationalities League for Democracy (SNLD) ) | ၀.၂% | ၀.၀% |
| ၁၁။ | ပြည်သူ့ကောင်းကျိုးဆောင်ပါတီ (85. Union Betterment Party (UBP) ) | ၁၀.၆% | ၁၉.၆% |
| ၁၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (89. Union Solidarity and Development Party (USDP) ) | ၁၉.၃% | ၂၀.၁% |

နေ့စဉ်ရုပ်မြင်သံကြားသတင်းတွင် သတင်းအားလုံး ခြုံငုံဖော်ပြမှုနှင့် နိုင်ငံရေးပါတီများ၏ စည်းရုံး ဟောပြောမှုအစီအစဉ်များတွင် သတင်းလွှမ်းခြုံဖော်ပြမှုအတိုင်းအတာ (စက္ကန့်ဖြင့်) ဖြစ်သည်။

**မှတ်ချက်** ။ ။ စောင့်ကြည့်သည့်အချိန်အတွင်း ထုတ်လွှင့်ဖော်ပြသည့်သတင်းကိုသာ ရေတွက်သည်။

**၃။ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများတွင် (အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာမူဘောင် ပြုပြင်ပြောင်းလဲရေး အကြောင်းအရာ နှင့် အခြားအကြောင်းအရာများ) အား မည်မျှ ဖော်ပြသနည်း။**




**ပုံ (၁) ရုပ်မြင်သံကြား သတင်းများတွင် ရွေးကောက်ပွဲဆိုင်ရာသတင်းများခွဲခြမ်းစောင့်ကြည့်ရာတွင် သတ်မှတ်ခေါင်းစဉ်အလိုက် မည်မျှဖော်ပြသည်ကို ဆိုလိုသည်။**

မှတ်ချက် ။ ။ အခြားအကြောင်းအရာ ဆိုသည်မှာ အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအကြောင်းအရာ မဟုတ်သည့် ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် သတင်းများကို ဆိုလိုပါသည်။

**၄။ သတင်းဖော်ပြမှုပုံစံများအား သဘောထားအမြင်များ တင်ဆက်မှုပုံစံ (View Grade) နှင့် သတင်း တင်ဆက်မှုပုံစံ (News Grade) ဟုခွဲခြားပြီး Supporting, Opposingç Neutral ဟု သတ်မှတ်ခြင်း။**




**ပုံ (၂) ရုပ်မြင်သံကြား သတင်းများ တင်ဆက်မှုတွင် သတင်းတင်ဆက်သူ (သို့) ဖြေဆိုသူများ၏ အမြင်သဘောထား၊ အထူးသဖြင့် သတင်းအယ်ဒီတာ၏အာဘော်များနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ အမြင်သဘောထားများအား တင်ဆက်ဖော်ပြမှုကို ဆိုလိုသည်။**

ရုပ်မြင်သံကြား သတင်းတင်ဆက်မှုတွင် ကြားနေ (Neutral) အနေဖြင့် ဖော်ပြတင်ဆက်မှု ပိုများပါသည်။ MRTV-4 နှင့် Channel 7 တို့သည် ဖျော်ဖြေရေးအစီအစဉ် သတင်းချန်နယ်များ ဖြစ်သဖြင့် ရွေးကောက်ပွဲ သတင်းဖော်ပြမှု နည်းပါးပါသည်။ ၄င်းဖော်ပြသော သတင်းများသည်လည်း အကောင်းဘက် (Supporting) သဘောဆောင်သည့် သတင်းများဖြစ်ပါသည်။




ပုံ (၃) ရုပ်မြင်သံကြား သတင်းရှိ သတင်းဖော်ပြမှုတွင် သတင်းတင်ဆက်သူမှ သတင်းအကြောင်းအရာအား ပြောပြ၊ တင်ဆက်သည့်ပုံစံ သတင်းကို ဆိုလိုသည်။

၅။ သတင်းများအား မည်သည့်အချိန်တွင် ဖော်ပြသနည်း။



Trend Analysis အခြားသော မီဒီယာများနည်းတူ ရုပ်မြင်သံကြားအစီအစဉ် (TV) တွင်လည်း နိုဝင်ဘာလသည် ရွေးကောက်ပွဲကာလ ဖြစ်သောကြောင့် သတင်းဖော်ပြမှု အကြိမ်ရေသည် အမြင့်ဆုံး ဖြစ်ခဲ့သည်။ အထူးသဖြင့် နိုဝင်ဘာ ၈၊ ၉ ၊ ၁၀ ရက်များသည် တစ်လလုံး သတင်းတင်ဆက်မှုအားလုံး၏ အမြင့်ဆုံးနေ့ရက်များ ဖြစ်ကြသည်။

ထူးခြားသည်မှာ ရုပ်မြင်သံကြားအစီအစဉ် (TV) ပေါ်တွင် နိုင်ငံရေးသတင်းများ တင်ဆက်မှုသည် ကာလတလျှောက်လုံး အရှိန်မြင့်လျက် ရှိနေခဲ့သည်။

❒

# (ဂ) ရေဒီယိုသတင်းတွင် ဖော်ပြခံရမှု

**၁။ မည်သည့်နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်း ဖော်ပြသနည်း။**

ရေဒီယိုသတင်းများသည် ယခင်ခေတ်မှ ယနေ့ခေတ်အထိ ကျေးလက်ဒေသများအထိတွင် သတင်းအချက်အလက်များအား အဓိကရယူရာ နေရာဖြစ်နေဆဲဖြစ်သည်။ အထူးသဖြင့် သတင်းမီဒီယာလွတ်လပ်မှုကို ပိတ်ပင်ခံရမှု အများဆုံးကာလ စစ်အစိုးရခေတ်များတွင် ရေဒီယိုသည် နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်များ အဓိက ရနိုင်သော တစ်ခုတည်းသော မီဒီယာဖြစ်ခဲ့သည်။

| စဉ် | နိုင်ငံရေးပါတီအမည်များ (အင်္ဂလိပ်) | သတင်းအကြိမ်အရေအတွက်(%) | စုစုပေါင်း သတင်းတင်ဆက်မှု အတိုင်းအတာ (%) |
|---|---|---|---|
| ၁။ | ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (8 Chin National League for Democracy Party (CNLD)) | ၄% | ၂% |
| ၂။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ (27 Kachin State People's Party (KSPP)) | ၁% | ၁% |
| ၃။ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (28 Karen National Democratic Party (KND)) | ၂% | ၁% |
| ၄။ | မွန်ညီညွတ်ရေးပါတီ (40 Mon Unity Party (MUP)) | ၃% | ၂% |
| ၅။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (52 National League for Democracy (NLD)) | ၆၀% | ၂၉% |

| | | | |
|---|---|---|---|
| ၆။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (75 Shan Nationalities League for Democracy (SNLD)) | ၇% | ၃% |
| ၇။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (89 Union Solidarity and Development Party (USDP)) | ၈% | ၃% |
| ၈။ | ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (14 Democracy and Human Rights Party (DHRP) | ၁% | ၁% |
| ၉။ | လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (15 Democratic Party For a New Society (DPNS)) | ၁% | ၁% |
| ၁၀။ | ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (90 United Democratic Party (UDP)) | ၁၄% | ၁၄% |
| ၁၁။ | ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (91 United Nationalities Democracy Party (UNDP) | ၁% | ၁% |

နေ့စဉ် ရေဒီယိုသတင်းတွင် သတင်းလွှမ်းခြုံဖော်ပြမှု စုစုပေါင်း (Total Spacing) တွင် သတင်းလွှမ်းခြုံဖော်ပြခံရမှု ၅၀၀ စက္ကန့်ကျော်ရရှိသော ပါတီ (၁၁) ကို ဖော်ပြထားခြင်းဖြစ်သည်။

၅၀၀ စက္ကန့် အောက်ရရှိသော နိုင်ငံရေးပါတီများကို ဇယားတွင် ဖော်ပြထားခြင်းမရှိပါ။

## ၂။ ဦးတည်ရွေးချယ်ထားသည့် နိုင်ငံရေးပါတီခေါင်းဆောင်များအကြောင်းမည်မျှ ဖော်ပြသနည်း။

| စဉ် | ပါတီအမည် | သတင်းခြုံငုံတင်ပြမှု (စက္ကန့်) |
|---|---|---|
| ၁။ | ရခိုင်အမျိုးသားပါတီ (5.Arakan National Party (ANP)) | ၄.၆% |
| ၂။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (8. Chin National League For Democracy Party (CNLD) ) | ၀.၆% |
| ၃။ | ကချင်ပြည်နယ် ပြည်သူ့ပါတီ (27. Kachin State People's Party (KSPP)) | ၂.၄% |
| ၄။ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (28. Karen National Democratic Party (KNDP) | ၄.၆% |
| ၅။ | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (30. Kayah State Democratic Party (KySDP) ) | ၀.၅% |
| ၆။ | မွန်ညီညွတ်ရေးပါတီ (40. Mon Unity Party (MUP) ) | ၀.၉% |
| ၇။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (52. National League for Democracy (NLD)) | ၆၀.၃% |
| ၈။ | ပြည်သူ့ရှေ့ဆောင်ပါတီ (69. People's Pioneer Party (PPP) ) | ၄.၀% |
| ၉။ | ပြည်သူ့ပါတီ (67. People's Party (PP)) | ၈.၄% |
| ၁၀။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (75. Shan Nationalities League for Democracy (SNLD) ) | ၂.၀% |
| ၁၁။ | ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ (85. Union Betterment Party (UBP) ) | ၇.၇% |
| ၁၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (89. Union Solidarity and Development Party (USDP) ) | ၄.၁% |

**၃။ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများတွင် (အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာမူဘောင် ပြုပြင်ပြောင်းလဲရေး အကြောင်းအရာ နှင့် အခြားအကြောင်းအရာများ) အား မည်မျှ ဖော်ပြသနည်း။**




**ပုံ (၁) ရေဒီယိုသတင်းများတွင် ရွေးကောက်ပွဲဆိုင်ရာသတင်းများ ခွဲခြမ်းစောင့်ကြည့်ရာတွင် သတ်မှတ်ခေါင်းစဉ်အလိုက် မည်မျှဖော်ပြသည်ကို ဆိုလိုသည်။**

ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများအား အမျိုးအစားများအား ခွဲခြား စောင့်ကြည့်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှု အကြောင်းဖော်ပြမှုသည် အများဆုံးဖြစ်သည်။

**မှတ်ချက်** ။ ။ အခြားအကြောင်းအရာ ဆိုသည်မှာ အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင် အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအကြောင်းအရာ မဟုတ်သည့် ရွေးကောက်ပွဲနှင့် ဆက်စပ်သည့် သတင်းများကို ဆိုလိုပါသည်။

**၄။ သတင်းဖော်ပြမှုပုံစံများအား သဘောထားအမြင်များ တင်ဆက်မှုပုံစံ (View Grade) နှင့် သတင်း တင်ဆက်မှုပုံစံ (News Grade) ဟုခွဲခြားပြီး Supporting, Opposing, Neutral ဟု သတ်မှတ်ခြင်း။**




ပုံ (၂) ရေဒီယို သတင်းများတင်ဆက်မှုတွင် သတင်းတင်ဆက်သူ (သို့မဟုတ်) ဖြေဆိုသူများ၏ အမြင်သဘောထား၊ အထူးသဖြင့် သတင်းအယ်ဒီတာ၏ အာဘော်များ နှင့် နိုင်ငံရေးခေါင်းဆောင်များ၏ အမြင်သဘောထားများအား တင်ဆက်ဖော်ပြမှုကိုဆိုလိုသည်။

- FM သတင်းများသည် ရွေးကောက်ပွဲဆိုင်ရာသတင်းများကို ထုတ်လွှင့်မှုအလွန်နည်းပါးသည်။




ပုံ (၃) ရေဒီယို သတင်းရှိ သတင်းဖော်ပြမှုတွင် သတင်းတင်ဆက်သူမှ သတင်းအကြောင်းအရာအား ပြောပြ၊ တင်ဆက်သည့်ပုံစံ သတင်းကို ဆိုလိုသည်။

## ၅။ သတင်းများအား မည်သည့်အချိန်တွင် ဖော်ပြသနည်း။




ပုံ (၄) နေ့စဉ် ရေဒီယိုသတင်းတွင် စက်တင်ဘာလမှ နိုဝင်ဘာလအထိ သတင်းလွှမ်းခြုံဖော်ပြမှု လမ်းကြောင်းဖြစ်သည်။

Trend Analysis ရေဒီယိုသတင်းများတွင် အောက်တိုဘာလတွင် သတင်းဖော်ပြမှု အများဆုံးကာလများ ဖြစ်ခဲ့သည်။

❒

# (ဃ) ဒစ်ဂျစ်တယ် သတင်းစာတွင် ဖော်ပြခံရမှု

အင်တာနက်အသုံးပြုမှုသည် ယခု ၂၀၂၀ ခုနှစ်တွင် တိုးများလာခဲ့သည်။ စစ်တမ်းများအရ အင်တာနက် အထူးသဖြင့် လူမှုမီဒီယာ၊ ဒီဂျစ်တယ်သတင်းစာများမှတဆင့် မြို့ပြ ကျေးလက်ဒေသများအထိ အသုံးပြုသူနှင့် သတင်းအချက်အလက် ရောက်ရှိမှုရှိပြီး လူငယ်များသည် အသုံးပြုမှုအများဆုံးဖြစ်သည်။[14]

**၁။ မည်သည့်နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအကြောင်း ဖော်ပြသနည်း။**

| စဉ် | နိုင်ငံရေးပါတီအမည်များ (အင်္ဂလိပ်) | သတင်းအကြိမ် အရေအတွက် (%) | သတင်းစာသားဖြင့် (စာလုံးအရေ အတွက်)(%) | ရုပ်/သံသတင်း ကြာချိန်-စက္ကန့်(%) | သတင်း ရုပ်ပုံ-စင်တီမီတာ စကွဲယား(%) |
|---|---|---|---|---|---|
| ၁။ | ရခိုင်အမျိုးသားပါတီ (5 Arakan National Party (ANP)) | ၀.၃ | ၀.၀ | ၀.၂ | ၁ |
| ၂။ | ကချင်ပြည်နယ် ပြည်သူ့ပါတီ (27 Kachin State People's Party (KSPP)) | ၁.၁ | ၀.၃ | ၀.၀ | ၀ |
| ၃။ | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (30 Kayah State Democratic Party (KSDP)) | ၂.၉ | ၀.၉ | ၄.၃ | ၀.၁ |
| ၄။ | မွန်ညီညွတ်ရေးပါတီ (40 Mon Unity Party (MUP)) | ၀.၃ | ၀.၁ | ၀.၀ | ၀.၀ |

**14. People's Alliance for Credible Elections - PACE. (2019, July). Citizens' Political Preferences for 2020.**
**Retrieved from**
**https://drive.google.com/file/d/1ZehxSjhBU7KANe-52fQh5N7hdy7dfOZ2/edit**

| | | | | | |
|---|---|---|---|---|---|
| ၅။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (52 National League for Democracy (NLD)) | ၃၄·၂ | ၃၉·၁ | ၃၃·၅ | ၃၈·၂ |
| ၆။ | ပြည်သူ့ရှေ့ဆောင်ပါတီ (69 People's Pioneer Party (PPP) ) | ၀·၅ | ၀·၁ | ၀·၄ | ၀·၀ |
| ၇။ | ပြည်သူ့ပါတီ (67 People`s Party (PP)) | ၀·၅ | ၀·၄ | ၀·၀ | ၂·၉ |
| ၈။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (75 Shan Nationalities League for Democracy (SNLD) ) | ၂·၉ | ၃·၉ | ၀·၅ | ၀·၃ |
| ၉။ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (85 Union Betterment Party (UBP) ) | ၀·၂ | ၀·၀ | ၀·၁ | ၀·၀ |
| ၁၀။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (89 Union Solidarity and Development Party (USDP) | ၅·၄ | ၄·၁ | ၉·၃ | ၆·၂ |
| ၁၁။ | အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ (17 Democratic Party of National Politics (DNP)) | ၀·၃ | ၀·၂ | ၀·၀ | ၀·၀ |
| ၁၂။ | ကရင်အမျိုးသားပါတီ (31 Kayan National Party (KNP) ) | ၀·၃ | ၀·၁ | ၀·၈ | ၀·၀ |
| ၁၃။ | ကရင်ပြည်သူ့ပါတီ (32 Kayin Peoples Party (KPP)) | ၀·၂ | ၀·၀ | ၀·၀ | ၀·၀ |
| ၁၄။ | လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀·၂ | ၀·၀ | ၀·၃ | ၀·၀ |

| | | | | | |
|---|---|---|---|---|---|
| | (36 La Hu National Development Party (LNDP)) | | | | |
| ၁၆။ | လီဆူး အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) (38 Lisu National Development Party(L.N.D.P)) | ၀·၂ | ၀·၁ | ၀·၀ | ၀·၁ |
| ၁၇။ | ဒီမိုကရေစီပါတီသစ် (ကချင်) (58 New Democracy Party (Kachin) N.D.P (Kachin)) | ၀·၂ | ၀·၀ | ၀·၁ | ၀·၀ |
| ၁၈။ | ခေတ်သစ်ပြည်ထောင်စု ပါတီ (59 New Era Union Part (NEU)) | ၀·၂ | ၀·၃ | ၀·၀ | ၀·၀ |
| ၁၉။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (62 Pao National Organization (PNO)) | ၀·၂ | ၀·၁ | ၀·၀ | ၀·၀ |
| ၂၀။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (74 Shan Nationalities Democratic Party (SNDP) | ၀·၂ | ၀·၁ | ၀·၀ | ၀·၀ |
| ၂၁။ | ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီ (76 Shan State Kokang Democratic Party (SSKDP) | ၀·၂ | ၀·၀ | ၀·၃ | ၀·၀ |
| ၂၂။ | ရှမ်းနီ (တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ (77 Shan-ni Solidarity Party (SSP)) | ၀·၂ | ၀·၀ | ၀·၂ | ၀·၀ |
| ၂၃။ | တအာင်း(ပလောင်) အမျိုးသားပါတီ (78 Ta-Arng (Palaung) National Party (TNP) | ၀·၃ | ၀·၇ | ၀·၀ | ၀·၀ |

| | | | | | |
|---|---|---|---|---|---|
| ၂၅။ | ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (90 United Democratic Party (UDP)) | ၁.၃ | ၀.၅ | ၀.၅ | ၂.၁ |
| ၂၆။ | ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (91 United Nationalities Democracy Party (UNDP)) | ၀.၂ | ၀.၁ | ၀.၀ | ၁.၀ |

ဒီဂျစ်တယ် သတင်းစားမျက်နှာတွင် ဖော်ပြခံရမှု အများဆုံးဖြစ်သည့် နိုင်ငံရေးပါတီ (၁၃) ခုကို ရွေးချယ်ဖော်ပြထားခြင်းဖြစ်သည်။

ဒစ်ဂျစ်တယ်မီဒီယာများဖော်ပြမှု အတိုင်းအတာများအားလေ့လာမှုတွင် စုစုပေါင်း သတင်းတင်ဆက်သည့် အကြိမ်ရေအတွက်၊ ဖော်ပြသည့်သတင်း အတိုင်းအတာ (စာလုံး အရေအတွက်)၊ သတင်းရုပ်/သံ ကြာချိန် (စက္ကန့်) နှင့် သတင်းဓါတ်ပုံ (စင်တီမီတာစကွဲ)တို့ဖြင့် ခွဲခြားလေ့လာခြင်းဖြစ်သည်။

### ၂။ ဦးတည်ရွေးချယ်ထားသည့် နိုင်ငံရေးပါတီခေါင်းဆောင်များအကြောင်း မည်မျှ ဖော်ပြသနည်း။

### (က) သတင်းစာသားဖြင့်




**ပုံ (၁)သည် ဒစ်ဂျစ်တယ်သတင်းတွင် သတင်းစာသားဖြင့် စကားလုံးအရေအတွက် အတိုင်းအတာ မည်မျှဖြင့် ဖော်ပြခံရသည်ကို တင်ပြခြင်းဖြစ်သည်။**

မှတ်ချက် ။ ။ ဒစ်ဂျစ်တယ်မီဒီယာစောင့်ကြည့်လေ့လာမှုတွင် ပြည်နယ်အခြေစိုက် သတင်းမီဒီယာအများစုအား ရွေးချယ်လေ့လာထားခြင်းဖြစ်သည်။

**(ခ) သတင်းဓါတ်ပုံဖြင့်**




**ပုံ (၂) အထက်ပါပုံသည် ဒစ်ဂျစ်တယ်သတင်းရှိ သတင်းဓာတ်ပုံဖြင့် ဖော်ပြမှုအတိုင်းအတာအား စင်တီမီတာစကွဲဖြင့် ဖော်ပြခြင်းဖြစ်သည်။**

ထူးခြားသည်မှာ ဒီဂျစ်တယ် မီဒီယာတွင် သတင်းဓာတ်ပုံဖြင့် တင်ဆက်ဖော်ပြမှုတွင် USDP နှင့် KSPP ပါတီတို့၏ ဓာတ်ပုံသတင်းဖော်ပြခံရမှု (စင်တီမီတာစကွဲယား) သည် အများဆုံး ဖြစ်သည်။

မှတ်ချက် ။ ။ ဒစ်ဂျစ်တယ်မီဒီယာစောင့်ကြည့်မှုတွင် ပြည်နယ်အခြေစိုက် အများစုအား ရွေးချယ်လေ့လာထားခြင်း ဖြစ်သော်လည်း မိမိတို့ လေ့လာသော ဒစ်ဂျစ်တယ်မီဒီယာလွှမ်းခြုံမှု အကန့်အသတ်အားလည်း သတိချပ်စေလိုပါသည်။ (ဥပမာအားဖြင့် - ချင်းပြည်နယ်ကို ကိုယ်စားပြုမည့် သတင်းမီဒီယာအား ရွေးချယ်လေ့လာထားမှုမရှိခြင်း။)

**(ဂ) သတင်း ရုပ်/သံဖြင့်**




**ပုံ (၃) ယခုပုံသည် ဒစ်ဂျစ်တယ်သတင်း တင်ဆက်မှုတွင် ရုပ်/သံ ဗွီဒီယို/အသံဖြင့် တင်ဆက်ဖော်ပြမှုကြာချိန်အား ရေတွက်တိုင်းတာမှုနှင့် လေ့လာတွေ့ရှိမှု(စက္ကန့်)ဖြင့် ဖော်ပြထားခြင်းဖြစ်သည်။**

**၃။ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများတွင် (အမုန်းစကားနှင့် ရွေးကောက်ပွဲအကြမ်းဖက်မှု၊ မဲဆန္ဒရှင် အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာမူဘောင် ပြုပြင်ပြောင်းလဲရေး အကြောင်းအရာ နှင့် အခြားအကြောင်းအရာများ) အား မည်မျှ ဖော်ပြသနည်း။**




ပုံ (၄) ဒစ်ဂျစ်တယ်သတင်းစာတွင် ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများအား ဖော်ပြမှု စုစုပေါင်း အတိုင်းအတာဖြစ်သည်။

**၄။ သတင်းဖော်ပြမှုပုံစံများအား သဘောထားအမြင်များ တင်ဆက်မှုပုံစံ (View Grade) နှင့် သတင်း တင်ဆက်မှုပုံစံ (News Grade) ဟုခွဲခြားပြီး Supporting, Opposing, Neutral ဟု သတ်မှတ်ခြင်း။**

**(က)**




ပုံ (၅) ဒစ်ဂျစ်တယ်မီဒီယာရှိ သတင်းများတင်ဆက်မှုတွင် သတင်းတင်ဆက်သူ(သို့)ဖြေဆိုသူများ၏ အမြင်သဘောထား၊ အထူးသဖြင့် သတင်းအယ်ဒီတာ၏ အာဘော်များနှင့် နိုင်ငံရေးခေါင်းဆောင်များ အမြင်သဘောထားများအား တင်ဆက်ဖော်ပြမှုကို ဆိုလိုသည်။




ပုံ (၆) ဒစ်ဂျစ်တယ်သတင်းရှိ သတင်းဖော်ပြမှုတွင် သတင်းတင်ဆက်သူမှ သတင်းအကြောင်းအရာအား ပြောပြ၊ တင်ဆက်သည့်ပုံစံ သတင်းကို ဆိုလိုသည်။

## ၅။ လူငယ်၊ အမျိုးသမီးနှင့် လူမျိုးစု ကိုယ်စားလှယ်များအကြောင်းဖော်ပြမှု




ပုံ (၇) ဒစ်ဂျစ်တယ်သတင်းမီဒီယာပေါ်တွင် မိမိတို့ ဦးတည်သည့် လူငယ်၊ အမျိုးသမီးနှင့် လူမျိုးစု ကိုယ်စားလှယ်များအကြောင်း မည်မျှဖော်ပြကြသည်ကို လေ့လာခြင်းဖြစ်ပါသည်။

ဒစ်ဂျစ်တယ်မီဒီယာအားလေ့လာရာတွင် သက်ဆိုင်ရာ ပြည်နယ်အခြေစိုက်မီဒီယာ (၅) ခုနှင့် တစ်နိုင်ငံလုံးလွှမ်းခြုံသော သတင်းမီဒီယာ (၂) ခုတို့ကို လေ့လာခဲ့သည်။

ထူးခြားသည်မှာ Irrawaddy ဒီဂျစ်တယ်သတင်းမီဒီယာသည် လူမျိုးစုကိုယ်စားလှယ်များ အကြောင်း ဖော်ပြမှုအများဆုံးဖြစ်ခဲ့သည်။

## ၆။ သတင်းများအား မည်သည့်အချိန်တွင် ဖော်ပြသနည်း။

Trend Analysis : နိုဝင်ဘာလသည် ရွေးကောက်ပွဲကာလ ဖြစ်သောကြောင့် သတင်းဖော်ပြမှု အကြိမ်ရေသည် အမြင့်ဆုံးဖြစ်ခဲ့သည်။ အထူးသဖြင့် နိုဝင်ဘာ ၃ မှ ၁၁ ရက်ထိများသည် သတင်းတင်ဆက်မှု အားလုံး၏ အမြင့်ဆုံးနေ့ရက်များ ဖြစ်ကြသည်။




ပုံ (၈) နေ့စဉ် ဒစ်ဂျစ်တယ်သတင်းစာတွင် စက်တင်ဘာလမှ နိုဝင်ဘာလထိ သတင်းလွှမ်းခြုံ ဖော်ပြမှုလမ်းကြောင်းဖြစ်သည်။

# ၈။ အသေးစိတ် အကြံပြုချက်များ

**အကြံပြုချက်များ**

- **Facebook** - ၂၀၂၀ တွင် နည်းပညာတိုးတက်လာခြင်းနှင့် ကိုဗစ်-၁၉ အခြေအနေကြောင့် ပါတီများ ၎င်းတို့၏ မဲဆွယ်ကြော်ငြာများကို လူမှုမီဒီယာတွင် ပိုမိုအသုံးပြုလာကြသည်။ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးကြော်ငြာများလည်း တိုးများလာသည်ကို တွေ့ရှိရပါသည်။ ရွေးကောက်ပွဲဥပဒေတွင် ၎င်းအတွက် ဥပဒေမရှိသေးသည့် အနေအထားတွင် ဖေ့ဘုတ် အနေဖြင့် မဲဆွယ်အသုံးစရိတ်၊ သတင်းတု/သတင်းမှားနှင့် အမုန်းစကားများအား ကန့်သတ်၊ ရှင်းလင်းသည့်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းကာ သတင်းတု/ သတင်းမှား၊ အမုန်းစကားများအား ဖယ်ရှားခြင်း၊ အသုံးစရိတ် မြင့်တင်ပြီး နိုင်ငံရေး ကြော်ငြာများ (Political Ads) ကို စာရင်းစိစစ်ပြီး ကော်မရှင်သို့ တင်ပြခြင်း။

**နိုင်ငံရေးပါတီများ**

- နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှုတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ် စည်းကမ်းများနှင့်အညီ ဘာသာရေး၊ လူမျိုးရေး၊ ကျား-မ၊ ဘာသာစကား၊ လူမှုအသိုင်းအဝန်းတို့ကြား အမုန်းပွားမှုကို အားပေးသည့် ပုံစံမဖြစ်စေရေးဆိုသည့်အချက်ကို လေးစားလိုက်နာရန် လိုအပ်ပါသည်။
- နိုင်ငံရေးဖြစ်စဉ်တွင် အားလုံးအကျုံးဝင်ပါဝင်နိုင်မှု မြင့်တက်လာစေရန်အတွက် နိုင်ငံရေး ပါတီများ၏ ဆုံးဖြတ်ချက်ချမှတ်နေသော နေရာများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များကို ဆောင်မည့်သူများကို ရွေးချယ်ရာတွင် အမျိုးသမီးများကို ပိုမိုထည့်သွင်းစဉ်းစားပေးရန်အတွက် ပါတီတွင်း ဂျန်ဒါမူဝါဒများ၊ လူငယ်ပါဝင်မှုဆိုင်ရာ မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်။
- လူငယ်နှင့်အမျိုးသမီးများကို ပြင်ပဆက်ဆံရေး၊ မီဒီယာနှင့်အဓိကချိတ်ဆက်ဆောင်ရွက်ရသော နေရာများတွင် ဦးစားပေး ထည့်သွင်းစဉ်းစားပေးရန်။

- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့် လူမှုကွန်ရက်မှ မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရာတွင် အသုံးပြုသော ကုန်ကျစရိတ် များကိုလည်း ရွေးကောက်ပွဲအသုံးစရိတ် (ပုံစံ - ၂၀)တွင် ထည့်သွင်းဖော်ပြပေးရန်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ အား မှန်ကန်စွာရောက်ရှိနိုင်ရန် ဆောင်ရွက်နိုင်သည့် အဓိကအဖွဲ့အစည်းဖြစ်သည်။ ပြည်သူများအနေဖြင့် သတင်းတု/သတင်းမှားများကြား ဝေဝါးမနေဘဲ တိကျသော သတင်း အချက်အလက်များအား ပံ့ပိုးပေးခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုသည်လည်း တိုးမြှင့်ရေးကိုလည်း အထောက်အပံ့ပြုမည် ဖြစ်ပါသည်။ ထို့ကြောင့် ကော်မရှင်မှ တရားဝင် ထုတ်ပြန်သော သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ လူထုထံစီးဆင်းစေရန် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။ ထိုသို့ မှန်မှန်နှင့် မြန်မြန် ရောက်ရှိရန်မှလည်း သတင်း မီဒီယာ၊ လူမှုမီဒီယာခေတ်ဖြစ်သည့် အနေ့အချိန်တွင် သတင်းမီဒီယာ အထူးသဖြင့် လူမှု မီဒီယာများအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု မျှဝေမည်ဆိုပါက များစွာအကျိုးရှိမည်။
- သတင်းတု/မှားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သတင်းမီဒီယာများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် Facebook Team အပါအဝင် ဆက်စပ်ပတ်သက်သူ များမှ ပူးပေါင်းဖြေရှင်းပေးရန်။
- လူမှုမီဒီယာတွင် ကျင့်ဝတ်ဖောက်ဖျက်ပြီး သတင်းတု/သတင်းမှားနှင့် အမုန်းစကားများ ဖြန့်သည့် ပါတီ၊ ကိုယ်စားလှယ်များအား အရေးယူဆောင်ရွက်ပေးရန်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အသိပညာပေးလုပ်ငန်းစဉ်များကို သတင်းမီဒီယာမှ တဆင့် ဖော်ပြရာတွင် အားလုံးအကျုံးဝင်လက်လှမ်းမီမှုကို ထည့်သွင်းစဉ်းစားပေးရန်။ ဥပမာ - လက်သင်္ကေတပြ ဘာသာပြန်ခြင်း၊ အကြားအာရုံ မသန်စွမ်းသူများအတွက် ရုပ်ပုံ/စာတမ်းများ အသုံးပြုပေးခြင်း။ တိုင်းရင်းသားဘာသာစကားများကို အသုံးပြု ဖော်ပြ ပေးရန်။
- လူမှုမီဒီယာများတွင် အသုံးစရိတ်မြှင့်တင်ပြီး နိုင်ငံရေးကြော်ငြာများ (Political Ads) အတွက် ကုန်ကျစရိတ်များကို ရွေးကောက်ပွဲ အသုံးစရိတ် (ပုံစံ-၂၀) အပိုင်း (စ)၊ (ဇ) နှင့် (ဌ) များတွင် ထည့်သွင်းရေးဆွဲပြီး နည်းဥပဒေပြင်ဆင်ပေးရန်။
- နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ လူမှုကွန်ရက်မှ မဲဆွယ် စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်၊ စည်းမျဉ်း စည်းကမ်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိကျစွာပြဋ္ဌာန်းပေးထားရန်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံရေးပါတီများ၏ လူမှုမီဒီယာတွင် မဲဆွယ် စည်းရုံးမှုများကို ထိရောက်စွာ ကြီးကြပ်နိုင်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့တစ်ခုအား ဖွဲ့စည်းစီမံဆောင်ရွက်ထားရန်။
- နိုင်ငံတော်ပိုင် ရုပ်သံမီဒီယာတွင် နိုင်ငံရေးပါတီများ၏ ပါတီမူဝါဒများ မိတ်ဆက်ခြင်း

အစီအစဉ် ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကန့်သတ်ချက်များ ဖြေလျှော့ပေးရန်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အမျိုးသမီး၊ လူငယ်၊ လူမျိုးစု မဲဆန္ဒရှင်များနှင့် အခြားသော အုပ်စုများအတွက် အထူးအစီအစဉ်အနေဖြင့် ၄င်းတို့ပါဝင်မှုကို မြှင့်တင်သည့် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ရန်။

**သတင်းမီဒီယာများ**

- သတင်းမီဒီယာများအနေဖြင့် သတင်းတင်ဆက်ရာတွင် အမျိုးသမီး၊ လူငယ်၊ လူမျိုးစု မဲဆန္ဒရှင်များနှင့် အခြားသောအုပ်စုများအတွက် အထူးအစီအစဉ်အနေဖြင့် ၄င်းတို့ပါဝင်မှုကို မြှင့်တင်သည့် အစီအစဉ်များ ဆောင်ရွက်ရန်။
- သတင်းမီဒီယာများနှင့် သတင်းစာဆရာများအနေဖြင့် သတင်းတင်ဆက်ရာတွင် ဘက်လိုက်မှု မရှိဘဲ အမျိုးသမီး၊ လူငယ်များနှင့် တိုင်းရင်းသားလူမျိုးစုများ၏ အသံများအား ကျား/မ-ဂျန်ဒါအမြင်၊ လူငယ်နှင့် တိုင်းရင်းသားလူမျိုးစုပါဝင်မှု အမြင်များဖြင့် တိုးမြှင့် တင်ဆက်ပေးခြင်း။ အမျိုးသမီးနှင့် လူငယ်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်ခြင်းများနှင့် မဲဆွယ်ပွဲများကိုလည်း ဖော်ထုတ် တင်ဆက်ပေးရန်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ တိကျစွာပေးနိုင်ပြီး သတင်းတု/သတင်းမှား ပြဿနာများကို ပြေလည်စေရန်အတွက် သတင်းမီဒီယာများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်၊ အချိန်ဇယားများ (ဥပမာ - မဲစာရင်းကပ်ထားကြေညာခြင်း) များကို မဲဆန္ဒရှင်များထံ အချိန်နှင့်တပြေးညီ တိကျစွာ သတင်းအချက်အလက်ပေးရန်နှင့် မဲဆန္ဒရှင်စာရင်းများ ကြည့်ရှု တိုက်တွန်း နှိုးဆော်ခြင်းများကို ဆောင်ရွက်ပေးရန်။
- သတင်းမီဒီယာများတွင် သတင်းဆောင်းပါးများ ရေးသားသူများနှင့် အစီအစဉ် တင်ဆက်သူများကို ဖယ်ကျဉ်ခံအုပ်စုများ (အမျိုးသမီး၊ လူငယ်၊ လူမျိုးစုတိုင်းရင်းသားများ၊ လိင်စိတ်ခံယူမှုကွဲပြားခြားနားသူများနှင့် မသန်စွမ်းသူများ) နှင့်ပတ်သက်သော အသိပညာပေးအမြင်ဖွင့်သင်တန်းများ ပံ့ပိုးပေးရန်။
- သတင်းမီဒီယာမှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အသိပညာပေးလုပ်ငန်းစဉ်များ အကြောင်းကို တင်ဆက်ရာတွင် အားလုံးအကျုံးဝင်လက်လှမ်းမီမှုကို ထည့်သွင်းစဉ်းစားပေးရန်။ ဥပမာ - လက်သင်္ကေတပြ ဘာသာပြန်ခြင်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် ရုပ်ပုံ/စာတမ်းများ အသုံးပြုပေးခြင်း။ တိုင်းရင်းသားဘာသာစကားများကို အသုံးပြု ဖော်ပြပေးရန်။
- သတင်းမီဒီယာများမှ နိုင်ငံရေးပါတီ (သို့မဟုတ်) ကိုယ်စားလှယ်လောင်းတစ်ဦးဦးအား ငွေကြေးရယူကာ အသားပေး ရေးသားတင်ဆက်မှုများအား ရှောင်ကြဉ်ရန်။

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ကြီးဌာန

- အားလုံးအကျုံးဝင်သည့် သတင်းအစီအစဉ်ကိုမြှင့်တင်သည့် အထူးအစီအစဉ်များပြုလုပ်တင်ဆက်ပေးရန်။
- ဘက်မလိုက်သည့်သတင်းတင်ဆက်မှုကို သေချာစေသည့် မျှတသော သတင်းလွှမ်းခြုံမှုပုံစံနှင့် ကြားနေ သတင်းတင်ဆက်မှုပုံစံဖြင့် တင်ဆက်ခြင်း။
- သတင်းမီဒီယာများနှင့် သတင်းစာဆရာများအနေဖြင့် သတင်းတင်ဆက်ရာတွင် ဘက်လိုက်မှုမရှိဘဲ အမျိုးသမီးနှင့် လူငယ်များ၏ အသံများအား ကျား/မ-ဂျန်ဒါအမြင်၊ လူငယ်ပါဝင်မှုအမြင်များဖြင့် တိုးမြှင့်တင်ဆက်ပေးခြင်း။ အမျိုးသမီးနှင့် လူငယ်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်ခြင်းများနှင့် မဲဆွယ်ပွဲများကိုလည်း ဖော်ထုတ် တင်ဆက်ပေးရန်။
- သတင်းမီဒီယာများအနေဖြင့် ရွေးကောက်ပွဲလုပ်ဆိုင်ရာလုပ်ငန်းစဉ်၊ အချိန်ဇယားများ (ဥပမာ - မဲစာရင်းကပ်ထားကြေညာခြင်း) များကို မဲဆန္ဒရှင်များထံ တိကျစွာ သတင်းအချက်အလက်ပေးရန်နှင့် မဲဆန္ဒရှင်စာရင်းများ ကြည့်ရှုတိုက်တွန်း နှိုးဆော်ခြင်းများကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုမှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် သတင်းအချက်အလက်များကို တိကျစွာ ပေးနိုင်မည်ဖြစ်ပြီး သတင်းတု/သတင်းမှား ပြဿနာများကိုလည်း ပြေလည်စေမည်ဖြစ်သည်။
- နိုင်ငံတော်ပိုင်သတင်းမီဒီယာများတွင် သတင်းဆောင်းပါးများရေးသားသူများနှင့် အစီအစဉ်တင်ဆက်သူများကို ဖယ်ကျဉ်ခံအုပ်စုများ (အမျိုးသမီး၊ လူငယ်၊ လူမျိုးစုတိုင်းရင်းသားများ၊ လိင်စိတ်ခံယူမှု ကွဲပြားခြားနားသူများနှင့် မသန်စွမ်းသူများ) နှင့်ပတ်သက်သော အသိပညာပေးအမြင်ဖွင့်သင်တန်းများ ပံ့ပိုးပေးရန်။
- နိုင်ငံတော်ပိုင်သတင်းမီဒီယာများအနေဖြင့် သတင်းရေးသားတင်ဆက်ရာတွင် မျှတသော သတင်းလွှမ်းခြုံတက်ဆက်မှုပုံစံနှင့် ဘက်မလိုက်သော တင်ဆက်မှုကို မြှင့်တင်ရန် အာဏာရပါတီများနှင့် ပတ်သက်ပြီး အသားပေးဖော်ပြမှုများကို ရှောင်ကျဉ်ရန်။
- နိုင်ငံတော်ပိုင် သတင်းမီဒီယာများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အသိပညာပေး လုပ်ငန်းစဉ်များအကြောင်းကို တင်ဆက်ရာတွင် အားလုံး အကျုံးဝင် လက်လှမ်းမီမှုကို ထည့်သွင်းစဉ်းစားပေးရန်။ ဥပမာ - လက်သင်္ကေတပြ ဘာသာပြန်ခြင်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် ရုပ်ပုံ/စာတမ်းများ အသုံးပြုပေးခြင်း။ တိုင်းရင်းသားဘာသာစကားများကို အသုံးပြုဖော်ပြပေးရန်။

## အထွေထွေ

- သတင်းမီဒီယာနှင့် ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူများအနေဖြင့် ရွေးကောက်ပွဲသတင်းများ လွှမ်းခြုံဖော်ပြရာတွင် မြန်မာနိုင်ငံကလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာစာချုပ်များဖြစ်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights-UDHR)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအား ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (Convention

on Elimination of All Forms of Discrimination against Women - CEDAW) နှင့် မသန်စွမ်းသူအခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Persons with Disability - CRPD) ပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုကို မြှင့်တင်သည့် သတင်းရေးသားတင်ဆက်မှုများ ဆောင်ရွက်ရန်။

❒

# ထူးခြားသတင်းများ

**ရွေးကောက်ပွဲနေ့ မတိုင်မီ (စက်တင်ဘာလ မှ အောက်တိုဘာလ အထိ)**

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၏ နေအိမ်ဝင်းတွင် ဗုံးသီးဖြင့်ပစ်ခံရသည့် သတင်း။
- UDP ပါတီ ဥက္ကဋ္ဌ ၏ ကျပ်သန်းပေါင်း ၁၃ သန်းကျော်ဖြင့် မဲဆွယ်မှုအား ဖော်ထုတ်နိုင်ခြင်းနှင့် ပါတီဖျက်သိမ်းခံရခြင်းသတင်း။
- မဲဆွယ်ရာတွင် ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှုများလာခြင်း (ပါတီဝင်များသေဆုံးခြင်း၊ လေးခွဖြင့် အပစ်ခံရခြင်း၊ NLD အမတ် (၃) ဦးအား AA မှ ဖမ်းဆီးခေါ်ဆောင်) သတင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲမကျင်းပနိုင်သည့် မဲဆန္ဒနယ်မြေများ ထုတ်ပြန်ခြင်း သတင်း။
- ကိုဗစ်ကပ်ရောဂါကြားမှ မဲဆွယ်မှုများ လူအကန့်အသတ်ထက် ပိုပြီးမဲဆွယ်ခြင်းသတင်း။
- နိုင်ငံရေးပါတီများ၏ မဲဆွယ်မှု ဗွီဒီယိုဆင်ဆာ ဖြတ်တောက်ခံရခြင်းသတင်း။
- ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအချို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပယ်ချခံရခြင်းသတင်း။ (ရွေးကောက်ပွဲဝင်ခွင့် ရုတ်သိမ်းခံရတဲ့အမတ်လောင်း ၁၃ ဦး ရှိလာ)
- အထက်ဗမာပြည်ရှိ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် အဖွဲ့ဝင်အချို့က ရွေးကောက်ပွဲမှာ ကြံ့ခိုင်ရေးပါတီအနိုင်ရဖို့အတွက် ငွေယူပြီး လှုပ်ရှားသည်ဟု ပြောဆိုမှုများသတင်း။
- RCSS ထိန်းချုပ်နယ်မြေအတွင်း မဲဆွယ်မည်ဆိုပါက ကြိုတင် အကြောင်းကြားရန် RCSS ကြေညာသည့်သတင်း။
- ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) ကို ရွေးကောက်ပွဲကော်မရှင်က လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာခွင့်ပေး။မပေးဆိုသည့် သတင်း။
- ကြိုတင်မဲပေးမှုများ မလုံခြုံမှုများကြောင့် စိုးရိမ်နေမှုများအကြောင်း သတင်း။

## ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲအပြီး (နိုဝင်ဘာလအတွင်း)

- ၂၀၂၀ ရွေးကောက်ပွဲအတွက် အသက် ၆၀ အထက် အသက်အရွယ် ကြီးသူတွေကို အောက်တိုဘာ ၁၉ ရက်နေ့ကစလို့ ကြိုတင်မဲပေးခွင့်ပြု။
- တိမ်းရှောင်နေတဲ့ ဦးဝီရသူဟာ အောက်တိုဘာလ (၂) ရက်နေ့က ရန်ကုန်တိုင်း ဒဂုံမြို့နယ်က အနောက်ဘက်ခရိုင် ရဲစခန်းမှာ လာရောက်အဖမ်းခံခဲ့။
- ရွေးကောက်ပွဲ ကျင်းပဖို့ (၄) ရက်သာ လိုပေမယ့် ကြိုတင်မဲ ပြဿနာတက်နေတဲ့အကြောင်း။
- ကာကွယ်ရေး ဦးစီးချုပ်ရုံးက နိုဝင်ဘာလ (၂) ရက်နေ့က ထုတ်ပြန် ကြေညာချက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ လက်ရှိလုပ်ဆောင်ချက်တွေကြောင့် လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲ ဖြစ်ရေးအတွက် သံသယရှိကြောင်းနှင့် ဒီကိစ္စအတွက် အစိုးရမှာ တာဝန်ရှိကြောင်းပြော။
- ဒို့တာဝန်အရေးသုံးပါးကို အလေးထားတဲ့ ကိုယ်စားလှယ်အလောင်းတွေကို တပ်မတော်မိသားစုတွေက ထည့်သွင်းစဉ်းစားပေးဖို့ ဗိုလ်ချုပ်မှူးမင်းအောင်လှိုင်က တိုက်တွန်း။
- ပဲခူးတိုင်းမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ခြံထဲမှ နိုဝင်ဘာ (၆) ရက်နေ့ နေလည် (၂) နာရီခွဲလောက်က ဗုံးပေါက်ကွဲမှု ဖြစ်ခဲ့ပါတယ်။
- မနက်ဖန် နိုဝင်ဘာ (၈) ရက်နေ့ အထွေထွေရွေးကောက်ပွဲနေ့မှာ မဲဆန္ဒရှင်အနေနဲ့ အမှန်ခြစ်တံဆိပ်တုံးမှ UEC စာလုံးသုံးလုံး ပါ၊ မပါ စစ်ဆေးကြဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ (၅၊ ၆) ရက်နေ့ ရက်စွဲနဲ့ထုတ်ပြန်ကြေညာ။
- နိုဝင်ဘာ (၈) ရက်နေ့က ကျင်းပတဲ့ ရွေးကောက်ပွဲမှာ ဒီမိုကရေစီအဖွဲ့ချုပ်က မဲဆန္ဒနယ်မြေအများအပြားမှာ အနိုင်ရတဲ့အကြောင်း။
- ရန်ကုန်တိုင်းက ရခိုင်နှင့် ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးနေရာတွေမှာ မဲပေးခွင့်ဆုံးရှုံးခဲ့ရသူတွေ အကြောင်း။
- တိုင်းရင်းသားပါတီတွေနဲ့ ရွေးကောက်ပွဲမှာ ဘယ်လိုအခြေနေရှိနေသလဲ။
- ကျင်းပပြီးစီးသွားတဲ့ ရွေးကောက်ပွဲမှာ လုံခြုံရေးအခြေအနေကြောင့် ပယ်ဖျက်ထားတဲ့ မဲဆန္ဒနယ်မြေတွေမှာ ကြားဖြတ်ရွေးကောက်ပွဲတွေကျင်းပဖို့ တပ်မတော်က လိုလားကြောင်းပြောဆို။
- ရခိုင်ပြည်နယ်မှာ စစ်ပွဲတွေအဆုံးသတ်ပြီး ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ဂျပန်နိုင်ငံက ကြားဝင်ကြိုးစားပေး။
- ၂၀၂၀ရွေးကောက်ပွဲဟာ တရားမျှတတဲ့ပွဲမဟုတ်လို့ USDP ဟာ အသိအမှတ်မပြုဘူးလို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီက နိုဝင်ဘာ (၁၁) ရက်နေ့က ရန်ကုန်မှာ သတင်းစာရှင်းလင်းပွဲ လုပ်ပြီးပြော။
- ကျောက်မဲမြို့နယ် ပင်တိန်ရွာက နေအိမ်မှာ နိုဝင်ဘာလ ၂၁ ရက်နေ့ည ၆ နာရီလောက်က ကျောက်မဲခရိုင်က NLD ပါတီကိုယ်စားပြု ရွေးကောက်ပွဲအနိုင်ရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိုက်ဇော် သေနတ်နဲ့ ပစ်ခံရလို့ သေဆုံးသွားခဲ့။

- လက်ရှိမဲအများဆုံးအနိုင်ရနေတဲ့ NLD ပါတီက တိုင်းရင်းသားပါတီတွေကို ပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်း။
- ရခိုင်ပြည်နယ်မှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးဖို့ AA က တောင်းဆိုတဲ့အပေါ် တပ်မတော်က ကြိုဆို။
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်သုံးဦးကို နှိပ်စက်ခြင်းမရှိဘဲ ကောင်းမွန်စွာထိန်းသိမ်းထားပြီး အပြန်အလှန်နားလည်မှု ရှိတဲ့ အခြေအနေမှာ အမြန်ဆုံး ပြန်လွှတ်ပေးမယ်လို့ AA အဖွဲ့က ထုတ်ပြန်။

❒

# ရွေးကောက်ပွဲဆိုင်ရာ သတင်းဖော်ပြချက်များအား လေ့လာခြင်းအစီအစဉ်ပါ

## အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် သတ်မှတ်ချက်များ

### ၁။ သတင်းဖော်ပြမှု အသံ (Tone )

**အကောင်းဘက် (Supporting)**

သတင်း သို့မဟုတ် သတင်းဓါတ်ပုံအား အကောင်းဘက်မှ ဇောင်းပေးဖော်ပြခြင်းဖြစ်သည်။ ဖော်ပြသူ၏ အသံ (tone) သည် သတင်းတစ်ပုဒ် သို့မဟုတ် ရုပ်သံ၊ ရေဒီယို တင်ဆက်ဖော်ပြမှုအား အကောင်းဘက်မှ ရပ်တည်ပြောကြားသည်ဆိုလျှင် 'အကောင်းဘက် (Supporting)'ဟုသတ်မှတ်ပါသည်။

**အဆိုးဘက် (Opposing)**

သတင်း သို့မဟုတ် သတင်းဓါတ်ပုံအား အဆိုးမြင်ရှုထောင့်မှ ဇောင်းပေးဖော်ပြခြင်းမျိုးဖြစ်သည်။ ဖော်ပြသူ၏ အသံ (tone) သည် သတင်းတစ်ပုဒ် သို့မဟုတ် ရုပ်သံ၊ ရေဒီယို တင်ဆက်ဖော်ပြမှုအား မကြိုက်နှစ်သက်သည့် လက္ခဏာပါ အသံဖြစ်နေလျှင်လည်း 'အဆိုးဘက် (Opposing)' ဟု သတ်မှတ်ပါသည်။

**ကြားနေဘက် (Neutral )**

သတင်း သို့မဟုတ် သတင်းဓာတ်ပုံအား ပို၍သာသော၊ ပို၍နည်းသော အသံ (tone) မျိုးမပါဘဲ ဖော်ပြလျှင် 'ကြားနေဘက် (Neutral)' ဟုသတ်မှတ်ပါသည်။

### ၂။ တင်ဆက်မှု ပုံစံ (Grading)

**အမြင်သဘောထား တင်ဆက်မှု (View Grade)** - သတင်း သို့မဟုတ် သတင်းဓာတ်ပုံအား တင်ဆက်ရာတွင် ပုဂ္ဂလသဘောထားအမြင်များ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ ဥပမာ- အယ်ဒီတာအာဘော်

**သတင်းတင်ဆက်မှု (News Grade)** - သတင်း သို့မဟုတ် သတင်းဓာတ်ပုံအား တင်ဆက်ရာတွင် ဖြစ်ရပ်တစ်ခုကို ဖော်ပြတင်ဆက်ထားခြင်း ဖြစ်ပါသည်။

## ၃။ ဦးတည်ရွေးချယ်ထားသည့် နိုင်ငံရေးပါတီခေါင်းဆောင်များ
**(Top Political Party Leaders)**

| စဉ် | နိုင်ငံရေးပါတီ | ပါတီခေါင်းဆောင် |
|---|---|---|
| ၁။ | ရခိုင်အမျိုးသားပါတီ<br>(5.Arakan National Party (ANP)) | ဦးသာထွန်းလှ |
| ၂။ | ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ<br>(8. Chin National League For Democracy Party (CNLD)) | ဦးငိုင်ဆာခ့် |
| ၃။ | ကချင်ပြည်နယ် ပြည်သူ့ပါတီ<br>(27. Kachin State People s Party (KSPP)) | ဒေါက်တာ မနန်တူးဂျာ |
| ၄။ | ကရင်အမျိုးသားပါတီ<br>(2Ä. Karen National Democratic Party ) | မန်းအောင်ပြည့်စိုး |
| ၅။ | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ<br>(30. Kayah State Democratic Party (KySDP) ) | ဦးဖိုးရယ် |
